Bibliographic Data

Author	ကြန် ၊ ဒေါ်	KYAN, Daw	Kran‘ , Do‘	**Art.** MK0010A

Article Title

မြန်မာပြည် – အိန္ဒိယ သတင်းစာများ အာဘော် (၁၈၈၆ – ၈၇)
(Myanmar and the Indian Press 1886 - 87)
Mran‘ ma¯ praññ¯ - 'In‘diya sa tan‘" ca¯ mya¯" a¯ bo‘

Title (Book/Serial)

နိုင်ငံသမိုင်း သုတေသန စာစောင် ၁
Research in Burmese Histor, No.1

Issue and Volume

Edition

Place/ Publisher

နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန
Myanmar Historical Research Department

Distributor

Ed. Date 1977

Pagination p. 133 - 171

Annotation

Political conditions of Myanmar immediately after the annexation (1886-87) as seen through the Indian press. The people were governed by a new master. Rebels were branded as dacoits by a critical Indian press which ridiculed and attacked Lord Dufferin's direct administration. They called His Excellency a quack politician, not a farseeing statesman. The press favoured a native prince on the Myanmar throne, a practice common in India. The press argumed that the English were suppressing the so-called dacoits at the expense of Indian tax-payers.

Subject Terms

1. Myanmar - Political conditions, 1886 - 87
2. Myanmar - History - British rule, 1886 - 1942

Key Words

1. Indian Newspapers
2. Annexation of Myanmar

မြန်မာပြည်-အိန္ဒိယသတင်းစာများ၏အာဘော်
၁၈၈၆-၈၇

ဒေါ်ကြန်၊ အကြီးတန်းသုတေသနမှူး (ဗြိတိသျှခေတ်)

ဗြိတိသျှတို့သည် သီပေါမင်းကို ၁၈၈၅ ခု နိုဝင်ဘာလ ၂၉ ရက် တနင်္ဂနွေနေ့တွင် လှယ်လင့်တကူ နန်းချကာ ပြည်ပသို့ ခေါ်ဆောင်သွားနိုင်ခဲ့ကြသည်။ သို့သော် သီပေါမင်းပိုင်နက်ဖြစ်သည့် အထက်မြန်မာနိုင်ငံတဝှန်းလုံးကို သိမ်းပိုက်အုပ်ချုပ်နိုင်ရန် ဆယ်နှစ်ကျော်မျှအပြင်းအထန်တိုက်ခိုက်နှိမ်နင်းသိမ်းသွင်းခဲ့ကြရလေသည်။ ဗြိတိသျှတို့၏ စိုးမိုးမှုကို ဆန့်ကျင်ခုခံကြသည့် တိုက်ပွဲများသည် ၁၈၈၆-၈၇ ခု အတွင်း အထက်မြန်မာပြည်တွင်သာမက ဗြိတိသျှပိုင်နက်ဖြစ်သည့်အောက်မြန်မာပြည်သို့လည်း ကူးစက်ပျံ့နှံ့ခဲ့သည်။ ယင်းသို့ ၁၈၈၆-၈၇ ခု အတွင်း နယ်မြေအနှံ့ဖြစ်ပွားခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲသတင်းများကို ထိုစဉ်က အိန္ဒိယ သတင်းစာများတွင် တွေ့ရပေသည်။ ဤစာတန်းတွင် အိန္ဒိယသတင်းစာများပါ တိုက်ပွဲသတင်းများပေါ် မူတည်၍ ထိုစဉ်က မြန်မာပြည်၏ အခြေအနေကို ရေးသားတင်ပြပါသည်။ ထို့ပြင် ယင်း နယ်ချဲ့ဆန့်ကျင်ခုခံရေး တိုက်ပွဲများနှင့် ပတ်သက်၍ အိန္ဒိယသတင်းစာကြီးများ၏ ထင်မြင်ချက်၊ ဝေဖန်ချက်၊ အာဘော်များကို ဖော်ပြပါသည်။

ဤစာတန်းတွင် ကိုးကားသည့် ၁၈၈၆-၈၇ ခုနှစ်ထုတ် အိန္ဒိယ သတင်းစာများမှာ ကာလကတ္တားမြို့ အမျိုးသားပိဋကတ်တိုက်တွင် ရှိပါသည်။ ယင်း သတင်းစာများမှ မြန်မာပြည်ဆိုင်ရာ သတင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ စီစဉ်ပေးချက်အရ၊ ကာလကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှမြန်မာနိုင်ငံသမိုင်းကော်မရှင်အတွက် မိုက်ကရိုဖလင် ရိုက်ကူးပေးပို့ပါသည်။ ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာလကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် ကာလကတ္တားအမျိုးသား ပိဋကတ်တိုက်တို့ကို မြန်မာနိုင်ငံ သမိုင်းကော်မရှင် ကိုယ်စား ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

ဤ စာတန်းကို ရေးသားရာ၌ အိန္ဒိယ သတင်းစာများကို ကိုးကားသည် ဆိုသော်လည်း ထိုစဉ်က အိန္ဒိယထုတ် သတင်းစာကြီးများ အစုံအလင်ကို ညွှန်းဆိုကိုးကားနိုင်ခြင်းမဟုတ်ကြောင်း အတိအလင်းဝန်ခံပါသည်။ ကာလကတ္တားထုတ် **စတိတ်စမင်း** သတင်းစာနှင့် **အမရစ်တာဘဇာပက်ထရစ်ကာ** သတင်းစာ၊ ဘုံဘိုင်မှထုတ်ဝေသည့် **မာရတာ** သတင်းစာနှင့် အိန္ဒိယတိုင်းသတင်းစာ၊ ယူနိုက်တက်ဖရော်ဗင့်ဆက်ထုတ် **ပိုင်အိုနီးယား** သတင်းစာ၊ **အိန္ဒုပရာကတ်(ရှ်)** စသည့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့်သတင်းစာကြီးများကို အများဆုံး ကိုးကားပါသည်။ သို့သော် အခြားသတင်းစာများ၌ပါရှိသည့် အချို့သတင်းများ၊ ဝေဖန်ချက်များ၊ အာဘော်များကိုလည်း ယင်းသတင်းစာကြီးများက ထပ်ဆင့်ဖော်ပြခဲ့ကြသဖြင့် ဤစာတန်းတွင် အလျဉ်းသင့်ရာတွင် ထည့်သွင်းဖော်ပြနိုင်ပါသည်။

အထက်မြန်မာပြည်ကို ဗြိတိသျှပိုင်နက် နယ်မြေအဖြစ် ၁၈၈၆ ခု ဇန်နဝါရီလ ၁ ရက်နေ့

တွင် အာဏာပိုင်များက ထုတ်ပြန်ကျေညာခဲ့သည်။ သို့သော် ထိုအချိန်က အထက်မြန်မာပြည်ကို မည်သို့ မည်ပုံ အုပ်ချုပ်မည်ဟူ၍ အတိအကျ ချမှတ်နိုင်ခြင်းမရှိကြသေးချေ။ မြန်မာ့လွှတ်တော်ကို မဖျက်သိမ်းပဲ ဆက်လက်ထားရှိသည်။ မြန်မာမင်းသားတပါးကိုပင် ထီးနန်း ပြန်လည် အပ်နှင်းမည်ကဲ့သို့ အခြေအနေရှိနေခဲ့လေသည်။ အင်္ဂလိပ်မြန်မာစစ်ပွဲတွင် လူစွမ်းမားစွမ်းမပြလိုက်ရမီလက်နက်ချခဲ့ကြရသည့် ဗိုလ်မှူး တပ်မှူး မြင်းစီး မြင်းခေါင်း ရဲမက် အပေါင်းတို့ကား သူကျွန်မခံလိုသည့်စိတ်ဖြင့် နယ်မြေအနှံ့အန့်တုဆန့်ကျင် တိုက်ပွဲဆင်နေကြပြီ ဖြစ်လေသည်။ ယင်း ခုခံရေးတိုက်ပွဲများနှင့် ပတ်သက်၍ **ပိုင်အိုနီးယား** သတင်းစာပါ အချက်အလက်များကို ၁၈၈၆ ခု ဇန်နဝါရီလ ၂၈ ရက်နေ့ထုတ် **အမရစ်တာဘဇာပက်ထရစ်ကာ** သတင်းစာတွင် အောက်ပါအတိုင်း ထပ်ဆင့်ဖော်ပြထားသည်။[၁] သဘောသွားကို အကျဉ်းရုံး၍ ဘာသာပြန် ဖော်ပြရသော် ထိုစဉ်က အောက်မြန်မာပြည်၏ အခြေအနေမှာ

> အထက်မြန်မာပြည်တွင်သာမက အောက်မြန်မာပြည်တွင်လည်း မင်းမဲ့နိုင်ငံသဖွယ် ဖြစ်နေပေသည်။ စစ်တောင်း၊ ပဲခူးနှင့် တောင်ငူအကြားရှိ နယ်မြေမှာ လွန်စွာမငြိမ်မသက်ဆူပွက်လျက်ရှိသည်။ စစ်တောင်းနှင့် ကျိုက်ထိုမြို့များ မီးရှို့ခံရ၍ ရွှေကျင်မြို့လည်း ဓားပြများ ဝင်စီးခံရသည်။ သို့သော် ဓားပြများကို စစ်တပ်ကပြန်လည်တိုက်ထုတ်နိုင်ခဲ့သည်။ တောင်ငူမှ စစ်တပ်အင်အား ဖြည့်တင်းပေးရန် တောင်းဆိုနေသော်လည်း စစ်ကူမပို့နိုင်ပဲရှိသည်။ ထောင်များမှာအကျဉ်းသားများဖြင့် ပြည့်ကျပ်နေကြသည်။ ရန်ကုန်ဗဟိုထောင်ကြီးတခုထဲတွင်ပင် အကျဉ်းသား ၄၀၀၀ ရှိနေပေသည်။
>
> တိုင်းပြည်၏ အခြေအနေမှာ စိတ်ပျက်ဖွယ်ကောင်းရုံမျှမကတဖြည်းဖြည်းထိတ်လန့်ဖွယ်ရာအခြေသို့ ရွေးရှုနေပေသည်။ နေရာအများအပြားတွင် လယ်များကို မရိတ်သိမ်းနိုင်ပဲရှိကြသည်။ လယ်သမားများသည် မိမိတို့ လုပ်ခင်းများကို စွန့်ကာ လုံခြုံရာသို့ ပြေးသွားခိုဝင်နေကြသည်။တိုက်ခိုက်မှု မရှိအေးချမ်းသည့် နေရာများ၌လည်းလုပ်သားမလုံလောက်၍ အထူးသဖြင့် အထက်မြန်မာပြည်မှ လုပ်သားများမဆင်းလာ၍ အမှည့်တဝင်းဝင်းနှင့် လယ်ကွင်းများကို မရိတ်သိမ်းနိုင်ပဲရှိနေကြသည်။ ထိုကြောင့် စပါးများပျက်စီးမည်ကို စိုးရိမ်ဖွယ်ရှိနေလေသည်။
>
> မြန်မာပုလိပ်များမှာ လုံးဝအသုံးမကျချေ။ ပိုမိုထိတ်လန့်ရှုပ်ထွေးအောင်သာဖန်တီးတတ်ကြသည်။ များစွာသော မြန်မာ ပုလိပ်များသည်ဓားပြများကို ရင်ဆိုင်ဝံ့ခြင်းမရှိ၊ အချို့လည်း ဓားပြများဖက်သို့ ပြေးဝင်ပူးပေါင်းသွားကြသည်။ မြန်မာ မြို့အုပ်မြို့ပိုင်များမှာ ပုလိပ်များနှင့် ထူးမခြားနားဖြစ်ကြသည်။ တရားရုံးများ၌ အမှုအခင်းများ မစီရင်နိုင်ပဲ စုပုံနေသည်။ တိုင်းပြည်တခုလုံး ရှုပ်ထွေးပွေလိန်လျက်ရှိရာ ကပ်သုံးပါး စုံရန် ငတ်မွတ်ခြင်း ဘေးတခုသာလိုတော့သည့်အခြေတွင် ရှိနေလေသည်။

ဇန်နဝါရီလ ၂၈ ရက်နေ့ထုတ် **အမရစ်တာဘဇာပက်ထရစ်ကာ** သတင်းစာ၌ပင် ရန်ကုန်မြို့ရှိ တိုင်းရင်းသားလူပျိုကာလသားများ ကပ်သင့်နေခြင်းဆိုသည့် သတင်းတခု ဆက်လက်ဖော်ပြထားပါသည်။ ယင်း သတင်း၏ အဆိုအရသော်

၁။ *The Amrita Bazar Patrika*, 28 January 1886, p.6, col.1

> ရန်ကုန်ရာဇဝတ်တရားသူကြီးများသည် ရန်ကုန်မြို့ရှိ တိုင်းရင်းသားလူပျိုကာလသားများကို မသင်္ကာဟုဆိုကာ ဥပဒေမဲ့ စိတ်ထင်တိုင်း ဖမ်းဆီးချုပ်နှောင်နေသည်။ မသင်္ကာ၍ ဖမ်းသည်ဆိုသော်လည်း မည်သည့်အချက်ကို မသင်္ကာကြောင်း ဘုရားသာလျှင် သိပေမည်။ တနေ့ထဲတွင်ပင် လူပျိုကာလသား ၃၀၀ ယောက် ဖမ်းချုပ်ထားခဲ့သည်။ ထိုသူငယ်များအတွက် အာမခံရန်လာသည့် လူကုံထံများမှာရိုးခွင်လျှံထွက်အောင်ရှိသော်လည်း အာမခံမရကြချေ။ တနေ့ကလည်း စက်တခုတွင် အလုပ် လုပ်နေသည့် လူငယ်ခြောက်ယောက်ကို ဖမ်းဆီးရာ စက်ပိုင်ရှင် ဥရောပသားက ဝင်ရောက်ဆူပူကန့်ကွက်ပြောဆိုသဖြင့် ၃၆ နာရီ အချုပ်ခံပြီးနောက် လွတ်မြောက်လာကြသည်။ အစိုးရက လက်သပ်မွေးထားသော သူလျှိုများ၊ ဒလန်များ၊ စုံထောက်များ နေရာအနှံ့ရှိနေရာ၊ ယင်း သူလျှိုတို့ လက်ညှိုးထိုးသူတိုင်း အဖမ်းခံနေကြရသည်။ ရန်ကုန်သူရန်ကုန်သားတို့၏မျက်ရည်ပူများအကြားတွင် သူလျှိုများ၊ဒလန်များ ရွှေမိုးငွေမိုးရွာကာစီးပွားဖြောင့်နေကြသည်။ ဤကိစ္စတွင် သိုးငယ်နှင့် ဝံပုလွေပုံကို အမှတ်ရမိသည်။ ရန်ကုန်ရှိ လူပျိုကာလသားတို့ကား ဗြိတိသျှအာဏာပိုင်တို့ကို မည်သို့မျှ တော်လှန်ဆန့်ကျင်ခြင်းမရှိသော်လည်း သူတို့၏ အိမ်နီးချင်းများ၊ ဆွေမျိုး သားချင်းများ အတွက် ဒဏ်ခံနေကြရပေသည်။

ဟူ၍ ဖြစ်သည်။

အိန္ဒိယဘုရင်ခံချုပ် လောဒ်ဒပ်ဖရင်သည် အထက်မြန်မာပြည် အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ဆင်ခြင်စဉ်းစားနိုင်ရန် ၁၈၈၆ ခု ဖေဖော်ဝါရီလအတွင်း မန္တလေးသို့ လာရောက်ခဲ့သည်။ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးနောက် အထက်မြန်မာပြည်ကိုဗြိတိသျှအစိုးရအရာရှိများနှင့် တိုက်ရိုက်သိမ်းပိုက်အုပ်ချုပ်ရန် ၁၈၈၆ ခု ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ ဆုံးဖြတ် ပြဋ္ဌာန်းလိုက်သည်။[၁] ထို့နောက် မတ်လ ၃၁ ရက်နေ့တွင် မြန်မာလွှတ်တော်ကို အပြီးတိုင် ဖျက်သိမ်းကာ မဟာဝန်ရှင်တော်မင်းကြီး ချာလ်(စ)ဘာနဒ်သည် ဧပြီလ ၁ ရက်နေ့မှအစပြု၍ အထက်မြန်မာပြည်တွင်ဗြိတိသျှတို့၏ တိုက်ရိုက်အုပ်ချုပ်ရေးကို အခြေချခဲ့လေသည်။ ဤတွင် ခုခံဆန့်ကျင်ရေး တိုက်ပွဲများမှာ ပိုမိုပြင်းထန်ဆူပွက်လျက် အထက်အောက်မြန်မာပြည်အလုံး မီးဟုန်းဟုန်း တောက်နေဘိသကဲ့သို့ ဖြစ်လာခဲ့သည်။ ဗြိတိသျှတပ်များကလည်း ထိုးဖောက်နိုင်သမျှနယ်မြေများသို့ ချင်းနင်းထိုးဖောက်ဝင်ရောက်ကာ လက်နက်အားနှင့် ဒလစပ်ခြေမှုန်းနှိမ်နင်းသုတ်သင်သည်။ လက်ရဖမ်းမိသမျှတို့ကိုလည်း ဓားပြများဟုဆိုကာ အစစ်အဆေးမရှိ၊ သို့မဟုတ် သာမန်မျှသာ စစ်ဆေးလျက် စစ်တပ်က ပစ်သတ်လျက်ရှိခဲ့သည်။ ယင်းကဲ့သို့ စစ်ကာလ၏ခါးသီးသောဖြစ်ရပ်များ၊ အနိဋ္ဌာရုံသတင်းများကို ၁၈၈၆ ခု ဖေဖော်ဝါရီနှင့် မတ်လထုတ် အိန္ဒိယသတင်းစာများတွင် တွေ့ရပေသည်။ ထိုစဉ်က အဆူပွက်ဆုံး သတင်းတခုမှာ တပ်ထိန်းကာနယ်ဟူပါး[၂]က အကျဉ်းသားများကို ရက်စက်စွာ ညှဉ်းပန်းခြိမ်းခြောက်စစ်မေး၍ ဝန်ခံထွက်ဆိုစေခြင်းနှင့် ဓားပြများဟုဆိုကာ ဖမ်းယူလာသည့် လူများကို ကားစင်တင်၍ ပစ်သတ်သည့် မြင်ကွင်းကို စိတ်တိုင်းကျ အချက်ပြ အမိန့်ပေးလျက် ဓာတ်ပုံရိုက်

၁။ Burmah No.3 (1886) *Further Correspondence*, Parliamentary Paper, C,4887. No. 30, p. 22

၂။ Colonel W.W. Hooper, Provost Marshal

ယူခြင်းသတင်းဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အိန္ဒိယ သတင်းစာကြီးများက များစွာ ပြစ်တင်ဝေဖန်ရေးသားကြသည်။ ယဉ်ကျေးပါသည်ဆိုသော တိုင်းကြီးပြည်ကြီးသားတို့၏ အပြု အမူလော၊ ခရစ်ယာန်ဘာသာဝင် သူတော်စင်တို့၏အမူအကျင့်လော၊ ဗြိတိသျှတို့၏ယဉ်ကျေးမြင့်မြတ် သည်ဆိုသော စိုးမိုးအုပ်ချုပ်မှုလော၊အေးမြသော မေတ္တာရေစင်နှင့်ကြီးမားသော မဟာကရုဏာပေ လော စသည်ဖြင့် ပြောင်လှောင်သရော်သော အရေးအသားများလည်း ရှိခဲ့လေသည်။ ယင်းတို့ အထဲတွင် ဆောင်းပါးရှင်တဦးက မြန်မာပြည်၌ ဖြစ်ပျက်နေပုံများကို ရှည်လျားစွာ ရေးသား ဖော်ပြရာ၌

> ခရစ်မတ်နေ့က ခရစ်ယာန်ဘုန်းတော်ကြီးက မန္တလေးနန်းတော်ထဲ၌ ခရစ်မတ်ပွဲ ကျင်းပသည်။ ယင်း ထီးနန်းကို စိုးစံခဲ့သည့်ဘုရင်ကိုနန်းချ၍ တိုင်းပြည်မှ နှင်ထုတ်ထား လေသည်။ ထိုဘုရင့် နန်းတော်ထဲ၌ ကျင်းပသည့် ခရစ်မတ်ပွဲ၌ ဘုန်းတော်ကြီးက စိတ်ထား မွန်မြတ်ဖြူစင်ကြရန်၊ လူလူချင်း အကြင်နာတရား၊ မေတ္တာတရား ထားကြရန် ဟောကြားသည်။ တရားနာနေကြသော စစ်သားများက ဦးညွတ်ကာ အာမင်ဘနေ့ခံ ကြသည်။ ထိုစစ်သားများသည် ဤတရားပွဲသို့ မတက်ရောက်မီ၊ ဓားပြအခေါ်ခံ ရှာသားတို့၏ သွေးများဖြင့် ပေကျံလိမ်းလူးနေသည့် သူတို့၏လက်များကို အလျင် အမြန် ဆေးကြောသန့်စင်ခဲ့ကြရသည်။ တရားပွဲအပြီးတွင် သူတို့သည် အေးချမ်း အောင် နှိမ်နင်းသုတ်သင်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ကြပေဦးမည်။[၁]

ဟူ၍ ရေးသားထားသည်။

ဤသို့နှင့် ဧပြီလသို့ ရောက်လာခဲ့သည်။ နယ်မြေအနှံ့ဖြစ်ပွားနေသည့် ခုခံရေးနှင့် နှိမ်နင်း ရေး တိုက်ပွဲများမှာ ဆက်လက်ပြင်းထန်လျက်ရှိလေသည်။ ထိုစဉ်က သာယာဝတီနယ်၏ အခြေ အနေကို ပိုင်အိုနီးယားသတင်းစာက ရန်ကုန်သတင်းထောက်ထံမှ ရသည်ဆို၍ အောက်ပါအတိုင်း ဖော်ပြထားသည်။

> သာယာဝတီနယ်ရှိ ဓားပြများ၊သူပုန်များကို ခေါင်းမပြူဝံ့အောင်ဆုံးမရန် အရေး တကြီးလိုအပ်နေပေပြီ။ သူတို့သည် ယခုထိ သင်ခန်းစာမရကြသေးချေ။ တနေ့က တိုက်ပွဲတခုတွင် အချို့သေဆုံးကြသော်လည်းအစိုးရဖက်မှ စစ်ပါရီ ၃ ယောက်ကျဆုံး၍ တပ်သားအများကို ဒဏ်ရာရအောင် ပြုလုပ်ကြသည်။ ဖမ်းမိသည့် ဓားပြ ၃၀- ယောက်ကို စစ်ဆေးစီရင်ရန် ရန်ကုန်သို့ ပို့လိုက်သည်။ စင်စစ်သော် လက်နက်စွဲကိုင် လျက် ဖမ်းမိခြင်းဖြစ်၍ စစ်ဆေးနေရန် မလိုချေ။ ကျန် ဓားပြများကို ခြေမှုန်းရန် စစ်တပ်များ နောက်ထပ်စေလွှတ်ထားသည်။ သာယာဝတီနယ်တွင်းရှိ ရွာသူ ရွာသား များသာ အစိုးရကို ထိထိရောက်ရောက်ကူညီကြလျှင် ဓားပြများကိုနှိမ်နင်းသုတ်သင်ရန် လုံးဝခဲယဉ်းမည်မဟုတ်ပေ။ အရိပ်ထဲတွင်ပင် အပူချိန် ၁၀၀ ဒီဂရီကျော်နေချိန်၌ဓားပြ ဖမ်းရန် စစ်တပ်ကြီး ချီတက်နေရသည်မှာလည်း နည်းလမ်း မကျချေ။ ပုလိပ်တပ် ကောင်းလျှင် ဓားပြများ ဤမျှသောင်းကျန်းနိုင်မည်မဟုတ်ပေ။ မြန်မာ ပုလိပ်များ

၁။ *The Amrita Bazar Patrika*, Thursday, 11 Feb. 1886, pp.3—4

အသုံးမကျကြောင်း သိလျက် ဆက်လက်ထားရှိနေ၍ ဤသို့ဖြစ်နေရသည်။ ယခင်က စစ်တပ်မရှိပဲ အနှစ် ၃၀ နေလာနိုင်သည့် နယ်မြေဒေသတွင် ယခု စစ်တပ်များ ချထားရတော့မည်။ ဘယ်သောခါမှ အေးချမ်းမည်ကို ဘုရားသခင်သာလျှင်သိပေလိမ့်မည်။[၁]

ထို့ပြင် ဧပြီလ ၁၅ ရက် နေ့စွဲဖြင့် ရန်ကုန်သတင်းထောက်ထံမှ ကြေးနန်းဖြင့် ပေးပို့သည့် မန္တလေးသတင်းတခုကို **အင်္ဂလိပ်(ရှ)မင်း**[၂] သတင်းစာတွင် တွေ့ရပြန်သည်။ ယင်း သတင်း အရသော် မန္တလေး၏ အခြေအနေမှာ အောက်ပါအတိုင်းရှိခဲ့လေသည်။

> မန္တလေးရှိ မဟာဝန်ရှင်တော်မင်းကြီးထံမှ ယနေ့ မန္တလေးတွင် လက်နက်စွဲကိုင်တိုက်ခိုက်မှုဖြစ်ပွားကြောင်း သတင်းရောက်ရှိသည်။ နံနက် အရုဏ်တက်တွင် လက်နက်စွဲကိုင်ထားသူ ၂၅ ယောက်ခန့်သည် အလံဖြူများလွှင့်ထူကာ မြို့တွင်းရှိအိမ်တဆောင်မှ ထွက်လာကြပြီးလျှင် အစောင့်ပုလိပ်များကို ထိုးခုတ်ကြသည်။ ပုလိပ်သုံးယောက်နှင့် ဥရောပအာရှ ကပြားနှစ်ယောက်ဒဏ်ရာရရသည်။ ဒင်နီရယ်ဆိုသူစာရေးမှာ ဒဏ်ရာရသော်လည်း ထွက်ပြေးလွတ်မြောက်သွားသည်။ ဒယ်ဗင်း[၃] ဆိုသူ ဆေးဆရာမှာ သေဆုံးသွားသည်။ ထို့နောက် သောင်းကျန်းသူများသည် မြို့တံတိုင်းကို ကျော်တက်ကြရာ အစိုးရတပ်များက လိုက်လံဖမ်းဆီးသည်တွင် လက်နက်များကို ပစ်ထားခဲ့ကာ ထွက်ပြေးကြသည်။ လက်နက်များ အလံများ စွဲကိုင်ထားသည့် လူ ၃၀ ခန့်ရှိ အခြားတစုက မြို့တံခါးအနီးရှိ အိမ်အချို့ကို မီးတင်ရှို့ကြသည်။ စစ်တပ်ကလိုက်လံတိုက်ခိုက်သည်တွင် ကစဉ့်ကလျားထွက်ပြေးသွားကြသည်။ လူနှစ်ယောက်ကို လက်ရဖမ်းမိသည်။ မသင်္ကာသူအများအပြားဖမ်းဆီးထားသည်။ နံနက် ၉ နာရီခန့်တွင် မြို့တွင်း၌ မီးအကြီးအကျယ်လောင်သည်။ ရှို့မီးဖြစ်ကြောင်း ထင်ရှားသည်။ နန်းတော် အတွင်း အချို့အဆောက်အဦများ မီးလောင်သည်။ သို့သော် နိုင်နင်းစွာ ငြိမ်းသတ်နိုင်ခဲ့သည်။ ဤသို့ဝင်ရောက်တိုက်ခိုက်သူများမှာ မြင်စိုင်းမင်းသား၏လူများဟုယုံကြည်ရသည်။ တမြို့လုံးထိတ်ထိတ်လန့်လန့် လှုပ်လှုပ်ရှားရှားဖြစ်နေသည်။[၄]

ယင်းကဲ့သို့ ဧပြီလအတွင်း ခုခံဆန့်ကျင်ရေးတပ်သားများကမန္တလေးမြို့တွင်းဝင်ရောက်တိုက်ခိုက် မီးတင်ရှို့ခြင်းနှင့်ပတ်သက်၍ အိန္ဒိယသတင်းစာများက အမျိုးမျိုး ဝေဖန်ရေးသားကြလေသည်။ အချို့က မန္တလေး၌ မီးလောင်ပျက်စီးခြင်းသည် အဆိုးထဲမှအကောင်းဖြစ်ကြောင်း ဖော်ပြကြသည်။ အထူးသဖြင့် ပိုင်အိုနီးယား သတင်းစာက မန္တလေးသည် အလွန်ရောဂါ ထူပြောသည့်နေရာဖြစ်ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးအတွက် လမ်းပန်းအကွက်အကွင်းမသင့်ကြောင်း၊စီးပွားရေးနှင့် စစ်ရေးအတွက်လည်း အသုံးမကျ၍ မက်လောက်စရာ မရှိကြောင်း၊ နန်းမြို့ပြင်ဖက်တွင် ဈေး၊ ဘုန်းကြီးကျောင်းအချို့နှင့် ခရစ်ယံဘုရားရှိခိုးကျောင်းတခုကို ချန်လှပ်၍ ဝါးတဲများနှင့် ချုံ

၁။ *The Amrita Bazar Patrika*, 22 April 1886, p.1,col. 1 တွင် ထပ်ဆင့်ဖော်ပြသည်

၂။ *The Englishman*

၃။ Thomas Gabriel Dievine, မန္တလေးတောင်ခြေစစ်သင်္ချိုင်းတွင် သင်္ချိုင်းစာ ရှိသည်

၄။ *The Amrita Bazar Patrika*, 22 April 1886, p. 3, col. 2 တွင် ထပ်ဆင့်ဖော်ပြထားသည်

နွယ်ပိတ်ပေါင်းများသာ ရှိကြောင်း၊ မြို့နေရာမှာ နိမ့်လွန်း၍ တာရိုးကြီးဆောက်လုပ်ထားလျက်နှင့်ပင် မိုးတွင်းအခါ အမြဲရေမြုတ်နေကြောင်း စသည်ဖြင့် မန္တလေး၏ မကောင်းသမျှ အချက်အလက်တို့ကို ဖော်ပြကာ အစိုးရသစ်အနေဖြင့် အထက်မြန်မာပြည်အတွက် နေပြည်တော်သစ်ထောင်ရန်ပင် တိုက်တွန်းခဲ့လေသည်။[၁]

မန္တလေး မီးလောင်သည်ကို ကောင်းသည်ဟုဆိုသူရှိသကဲ့သို့ ယင်းသို့ ဆိုခြင်းကို ပြောင်လှောင်ခနဲ့၍ ရွတ်ရွတ်နောက်နောက် ရေးသူလည်းရှိခဲ့ပေသည်။ မန္တလေးမီးနှင့်ပတ်သက်၍ ဘုရင်ခံချုပ်နှင့် မြန်မာပြည်မဟာဝန်ရှင်တော်မင်းကြီးတို့အပြန်အလှန် ပေးပို့ကြသည့် စိတ်ကူးယဉ် ကြေးနန်းများဟူ၍ အလွန်နောက်ပြောင်တတ်သည့် သတင်းထောက်တဦးထံမှ ပေးပို့ချက်ကို မေလ ၁၃ ရက် နေ့ထုတ် **အမရစ်တာဘဇာ** သတင်းစာက အောက်ပါ အတိုင်း ဖော်ပြခဲ့သည်။

မစ္စတာဘာနဒ်ထံမှ အလွန်ကြောက်မက်ဖွယ် မီးကြီး၊ အိမ်ခြေ ၅၀၀၀ လောင်သည်။ မြန်မာရပ်ကွက်ပြာကျသွားသည်။ အစွမ်းကုန် ကြိုးစားသော်လည်း ရှို့မီးကို မည်သို့မျှမတတ်နိုင်။ ရာထူးမှ ထွက်ခွင့်ပြုပါ။ ကျွန်တော်ထက် တော်သူတဦး လွှတ်လိုက်ပါ။

ဘုရင်ခံချုပ်ထံမှ ကြေးနန်းရ၍ ဝမ်းသာသည်။ မီးသည် မန္တလေးငှက်ဖျားကို ခြေမှုန်းလိုက်၍ ကျွန်ုပ်တို့ တပ်များအတွက် ပို၍ ကောင်းမည်။ မန္တလေးတည်နေပုံသည် အနည်းငယ်မျှ ခေတ်မမှီ။ မြို့တော်ကို ပို၍ ကျန်းမာရေး ညီညွတ်သော နေရာ၊ ပို၍ အချက်အခြာကျသည့်နေရာသို့ ရွှေပြောင်းရန်အချက်ကောင်းပေါ်သည်။ မီးသတ်အဖွဲ့၊ ပုလိပ်အဖွဲ့နှင့် စစ်တပ်ကို ကျေးဇူးတင်ကြောင်းပြောပါ။

ဘာနဒ်ထံမှ မြို့သစ်တည်ရန် ငွေ ဘယ်က ရမလဲ။

ဘုရင်ခံချုပ်ထံမှ အိန္ဒိယက ပေးရမှာပေါ့၊ နောက်ပိုင်း အကျိုးကျေးဇူးဟူသမျှသူခံစားရမှာပဲ။

ဤ စိတ်ကူးယဉ် ကြေးနန်း၏ အရေးပါပုံကို ဆက်လက်ရှင်းပြပါမည်။ မြို့သစ်တည်ရန်ငွေကို အိန္ဒိယက ပေးရမည်ဟူသည့် ရေးသားချက်သည် ထိုစဉ်က အလွန် လူကြိုက်များ၍ ရေးပန်းစားခဲ့သည့် ပျက်လုံးတခုဖြစ်လေသည်။ ဗြိတိသျှအာဏာပိုင်များ အထက်မြန်မာပြည်ကို တိုက်ခိုက်သိမ်းယူခဲ့သည့် စစ်စရိတ်ငွေသုံးကုဋေကို အိန္ဒိယဘတ်ဂျက်မှ အကုန်အကျခံခဲ့ရသည်။ မြန်မာပြည်ကို ငြိမ်ဝပ်ပိပြားအောင် ဆက်လက်နှိမ်နင်းရာ၌လည်း အိန္ဒိယ၏ ငွေအားလူအားကိုပင်အသုံးပြုခဲ့သည်။ ထို့ကြောင့် မြန်မာပြည်၌ ဗြိတိသျှအစိုးရတို့ ပြုလုပ်နေသမျှမှာ ဗြိတိသျှ ကုန်သည်တစု၏အကျိုးစီးပွားအတွက် အိန္ဒိယ၏ ငွေအား လူအားကို ဖြုန်းတီးနေခြင်း၊ စတေးနေခြင်းဟူ၍ သဘောပေါက်ကာ အိန္ဒိယ အခွန်ထမ်း ပြည်သူတို့က လွန်စွာ မကျေမနပ်ရှိခဲ့ကြပေသည်။ သတင်းစာများသည် မြန်မာပြည်အရေးအခင်းကို ဝေဖန်ပြောဆိုရေးသားတိုင်း ဤအခြေခံ သဘောထားပေါ်၌ မူတည်၍ ဝေဖန်ရေးသားခဲ့ကြပေသည်။ ထို့ကြောင့် **အိန္ဒုပရာကတ်** (ရှ်)[၂] သတင်းစာကလည်း အထက်မြန်မာပြည်၌ ဗြိတိသျှတို့၏ လုပ်ဆောင်ချက်များမှာ ကြောက်မက်ဖွယ် လက်စားချေမှု၊ တုံ့ပြန်မှု

၁။ ၁၈၉၆ မေလ ၁၃ ရက်ထုတ် **အမရစ်တာဘဇာပက်ထရစ်ကာ** သတင်းစာတွင် ထပ်ဆင့်ဖော်ပြချက်

၂။ ***The Indu Prokash***

များနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း၊ ဓားပြအခေါ်ခံနေရသည့် မျိုးချစ် သားကောင်းများက ဗြိတိသျှတို့ကို လုံးဝဦးမညွတ်၊ လက်သင့်မခံပဲ အပြင်းအထန် ခုခံဆန့်ကျင်နေကြကြောင်း၊ မကြာမီက မန္တလေး၌ ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်များမှာမြန်မာများသည်ဗြိတိသျှတို့၏ စိုးမိုးမှုကို ရှင်လန်းဝမ်းမြောက်စွာ လက်ကမ်းကြိုဆိုကြပါသည်ဆိုသည့် ဘုရင်ခံချုပ်၏ မိန့်ဆိုချက်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေကြောင်း၊ အခြေအနေကို ထိန်းသိမ်းရန် စစ်တပ်အင်အား ငွေအင်အား များစွာလိုသေးကြောင်း၊ ယင်း လူအား၊ ငွေအားကို အိန္ဒိယကပင်ပေးရမည်ဖြစ်၍ အိန္ဒိယပြည်သည်လည်း ယင်း ညှဉ်းပန်းမှုဒဏ်ကြောင့် သွေးစက်စက်ယိုနေပြီဖြစ်ကြောင်း[၁] ရေးသားဖော်ပြခဲ့လေသည်။

အထက် မြန်မာပြည်သူ ပြည်သားများသည် သီပေါမင်း၏ နှိပ်စက်ညှဉ်းပန်းမှုကို မခံမရပ်နိုင် ရှိနေကြသဖြင့် တိုင်းပြည်ကို တက်ရောက်သိမ်းပိုက်သည့် ဗြိတိသျှတို့အားကယ်တင်ရှင်ကြီးများအဖြစ် ဝမ်းပန်းတသာ ကြိုဆိုလက်ခံကြလိမ့်မည်ဟု ဗြိတိသျှတို့ကစိတ်ကူးယဉ်ခဲ့ကြသည်၊ မျှော်မှန်းခဲ့ကြသည်။ ယုံကြည်ခဲ့ကြသည်။ ထိုသို့ ယုံကြည်ခဲ့သည့် အတိုင်းလည်း ပြောဆိုရေးသားခဲ့ကြပေသည်။ သို့သော် မြန်မာပြည်၏ ဖြစ်ရပ်များက ယင်းအချက်ကို တက်တက်စင်လွဲမှားကြောင်း ဖော်ပြလျက်ရှိရာ **ဘုံဘေဂေဇက်**[၂]၊ **အင်ဒီယန်းဒေလီနယူး**[၃]၊ **စတိတ်စမင်း**[၄]၊ **အမရစ်တာဘာဇာပက်ထရစ်ကာ** စသည့် သတင်းစာကြီးများကလည်း ဗြိတိသျှတို့၏မှန်းချက်နှင့် နှမ်းထွက်မကိုက်ပုံကို အချက်ရေတိုင်း ဖော်ထုတ် ထောက်ညွှန်ပြခဲ့ကြလေသည်။

အမရစ်တာဘာဇာပက်ထရစ်ကာ သတင်းစာကၢမန္တလေးမီးကိစ္စမှ ဆက်သွယ်၍မြန်မာပြည်၏ ထိုစဉ်က အခြေအနေကို ထင်ရှားစေရန်-

> မြန်မာပြည်တွင် မင်းမဲ့နိုင်ငံသဖွယ် အထိန်းအကွပ်မရှိပဲ ဖြစ်နေရုံမျှမက၊မီးဟုန်းဟုန်းတောက်လျက် သွေးချောင်းစီးနေသည်။ တိုင်းသူပြည်သားများမှာ ခိုကိုးရာမဲ့လျက် အရူးတပိုင်းဖြစ်နေကြပေပြီ။ ထိုသို့ စိတ်ဖောက်ပြန်ရူးသွပ်နေကြသဖြင့်သာ မိမိတို့၏နေပြည်တော်ကို ဗြိတိသျှတို့၏ လုံ့စွပ်များအကြားမှ ဇွတ်တိုးဝင်လျက် မီးတင်ရှို့ကြခြင်းဖြစ်ပေသည်။ အိမ် ၅၀၀၀ ခန့် ပြာကျသွား၍ ပျက်စီးဆုံးပါးမှုမှာ ကြီးမားလှသည်။ ယခင်အခါက တောရွာများတွင်သာ မလုံခြုံမှုနှင့် ဒုက္ခဆင်းရဲ ရှိလေသည်။ ယခုမူ ဗြိတိသျှတို့၏ သေနတ်များအောက်တွင်ပင် လုံခြုံစိတ်ချရမှုမရှိချေ။ မြန်မာများသည် လွန်စွာ အဆင်ခြင်ကင်းမဲ့သည်ဟု ဆိုရမည် ဖြစ်သော်လည်း သူတို့အတွက် အရာရာအင်အားချင်း မယှဉ်သာသည့် ဗြိတိသျှတို့ကို အန်တုခုခံရန်မှာ ဤနည်းလမ်းတခုသာ ရှိပေသည်။ မကြာမီ မိုးကျတော့မည်။ ဗြိတိသျှစစ်တပ်များ မလွဲမရှောင်သာ လုပ်ငန်းရပ်ရတော့မည်။တိုင်းပြည်ကို သောင်းကျန်းသူများလက်တွင်းခြောက်လလုံးလုံး ဝကွက်အပ်ထားရတော့မည် ဖြစ်သည်။[၅]

၁။ *The Amrita Bazar Patrika*, 20 May 1886, p. 3. col. 2 တွင် ထပ်ဆင့်ဖော်ပြချက်

၂။ *The Bombay Gazette*

၃။ *The Indian Daily News*

၄။ *The Statesman*

၅။ *The Amrita Bazar Patrika*, 13 May 1886, p. 5, Editorial Notes

ဟု အယ်ဒီတာ မှတ်ချက်ရေးခဲ့သည်။ မြန်မာများကို အပြစ်တင်သည့်ဟန် ထင်ရသော်လည်းသွယ်ဝိုက်အားပေးကာ ဗြိတိသျှတို့၏လုပ်ဆောင်ချက်များ အရာမရောက်သေးကြောင်း ဖော်ပြထားချက်ဖြစ်ပေသည်။ ထိုစဉ်က မြန်မာတို့၏ ခုခံမှုကို လက်နက်အင်အားနှင့် ဖိကာအပြတ်အသတ်ခြေမှုန်းသုတ်သင်ရန် အားပေးသူများလည်းရှိခဲ့သည်။ ထိုသူများက ဗြိတိသျှအစိုးရ၏ လုပ်ဆောင်ချက်များကို ပျော့ညံ့သည်ဟု အားမရကြပေ။ ထို့ကြောင့် ပြင်းပြင်းထန်ထန် နှိပ်ကွပ်ရန်၊ အပြတ်တိုက်ရန်၊ ဆူပူတိုက်တွန်းကြသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ **အမရစ်တာဘဇာပက်ထရစ်ကာ** သတင်းစာက

> မြန်မာပြည်တွင် မျှော်မှန်းထားသည့်အတိုင်းငြိမ်းချမ်းမှုကိုမမြင်ရသည်တွင်ပြင်းပြင်းထန်ထန် နှိပ်ကွပ်မှုကို လက်ခံယုံကြည်ကြသူများက ဘာနဒ်ကို အပြစ်တင်ကြသည်။ ထိုသူတို့သည် ရက်စက်စွာ သုတ်သင်နှိပ်ကွပ်မှုကို တိုင်းပြည်တွင်း ကျရောက်နေသည့် ဘေးဒုက္ခအထွေထွေအတွက် ဆေးစွမ်းကောင်း တလက်ဟု သဘောထားကြသည်။ မြန်မာပြည်တွင်နှိပ်ကွပ်မှု ဆေးမစွမ်းကြောင်း မစုံကြောင်း ကြားရသောအခါထိုထက်ကြမ်းသော၊ ပြင်းထန်သောနည်းကိုသုံးရန် ထပ်မံတိုက်တွန်းကြသည်။ ရောဂါမှာ မသက်သာပဲ ဆေးအတွက် ပို၍လေးသည်ကို တွေ့မြင်ကြရပြန်သည်တွင် ဆေးကြမ်းကြီးကိုပင် ဖိ၍ ပို၍ တိုက်ရန် ထပ်လောင်းအားပေးကြသည်။ ထိုသူတို့သည် သူတို့၏ အကြမ်းဖက်ဝါဒ၊ အပြတ်တိုက်ဝါဒတွင် ယုံကြည်သည်၏ဆုံခြည်မျှင်ခန့်မျှ ဘုရားသခင်တွင် သက်ဝင်ယုံကြည်သော် နိဗ္ဗာန်တွင် အကောင်းဆုံး ထိပ်တန်းနေရာများကို ရနိုင်ကြပေမည်။ သနားစရာကောင်းသော ဘာနဒ်သည် မြန်မာပြည်၌ဖြစ်နေသမျှအတွက် အပြစ်တင်ခံနေရရှာသည်။ အင်္ဂလိပ်လူမျိုးများ ဒေါသထွက်လျှင် ယင်းဒေါသပြေပျောက်စေရန် တခုခု စတေးရန်လိုသည်။
>
> မြန်မာပြည် အခြေအနေသည် ယခုအတိုင်း ဆက်လက်ဆိုးဝါးနေသော် အဓမ္မဝါဒီများ၊ အပြတ်တိုက်သမားများသည် မကြာမီ ဘာနဒ်၏ လည်ချောင်းသွေးကို တောင်းဆိုကြလိမ့်မည်။[၁]

ဟူ၍ ရေးသားခဲ့လေသည်။

ဗြိတိသျှတပ်များက ပိုက်စိတ်တိုက်၍ အပြင်းအထန် လိုက်လံတိုက်ခိုက် ခြေမှုန်းခဲ့သော်လည်း ခုခံရေးအရှိန်မှာ လျော့ပါးသွားခြင်းမရှိပဲ ၁၈၈၆ ခု ဒုတိယနှစ်ဝက်ပိုင်းတွင် ပြင်းထန်တင်းမာလျက်ပင် ရှိခဲ့သည်။ ဇွန်လအတွင်း မြန်မာပြည်ရှိ ဗြိတိသျှစစ်အင်အားမှာ မန္တလေး၌ ၃၀၀၀၊ ဗန်းမော်၌ ၈၀၀၊ ကသာနှင့် မန်စည်တွင် ၅၀၀ မှ ၆၀၀ နှင့် မြင်းခြံနယ်ဝန်းကျင်တွင် ၁၀၀၀ ခန့်ရှိသည်။ ကျန်ဘပ်သား ၁၀၀၀ မှာ အထက်မြန်မာပြည် တပ်စခန်းအရပ်ရပ်၌ ခွဲဝေချထားလျက်ရှိခဲ့သည်။[၂] အကျအနလည်း နှစ်ဖက်လုံး များခဲ့ပေသည်။ ၁၈၈၆ ခု ဇွန်လအတွင်း စလင်းနှင့်ရေဦးတဝိုက်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲသတင်းကို **အင်္ဂလစ်(ရှ)မင်း** သတင်းစာ၌ အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

၁။ *The Amrita Bazar Patrika*, 13 May 1886, p.5

၂။ *The Amrita Bazar Patrika*, 3 June 1886, p. 3, col. 2

> မန္တလေးမှ ပေးပို့သည့် ကြေးနန်းအရ ကက်ပတိန် ဒန်(စ)ဖို့ဒ်[၁] တိုက်ပွဲတွင် ကျသည့်သတင်းကို အသေးစိတ်သိရသည်။ ကက်ပတိန် ဒန်(စ)ဖို့ဒ်နှင့် အမှတ် ၂ လီဗာပူ တပ်ရင်းမှ လက်ဖတင်နင် ဝင်းယန်[၂]တို့သည် ဘင်ဂေါခြေလျင်တပ်ရင်းနှင့် လီဗာပူတပ် ရင်းမှ တပ်သားအချို့နှင့်အတူ စလင်းမှ ၅ မိုင်ခန့် အကွာတွင် တပ်စွဲနေသည့် သူပုန် ၁၆၀ ခန့်ကို တိုက်ထုတ်ပြီးနောက် လူ ၅၀၀၀ ခန့်ရှိ အခြားတစုကို ဆက်လက် တိုက် ခိုက်ရကြောင်း။ ဒုတိယတိုက်ပွဲတွင် ကက်ပတိန် ဒန်(စ)ဖို့ဒ် ကျဆုံးသည်။ လီဗာပူ တပ်သား ၃ ယောက် ဒဏ်ရာပြင်းထန်စွာရ၍ စစ်ပါရီ ၂ ယောက် အနည်းငယ် ထိခိုက် ဒဏ်ရာရသည်။ ရန်သူဖက်မှ အကျအဆုံးကို မသိရချေ။ အမှတ် ၂၁ မဒရပ် ခြေလျင် တပ်ရင်းမှ လက်ဖတင်နင် လပ်ဂင်[၃]နှင့် မဒရပ်ခြေလျင်တပ်သားများ၊ ဝဲလ်(ရှ)ဖူဆီလီ ယား တပ်သားများ၊ ပုလိပ်များကို မစ္စတာ ကမ်မင်း[၄]၊ ကာနယ် ဂရီဒီ[၅]တို့နှင့်အတူ ဦးစီး လျက် နယ်ဖက်အုပ်ချုပ်ရေးအရာရှိ မစ္စတာ ပေါ်တာ[၆]ပါ ပူးတွဲကာ ရေဦးမှ ၁၂ မိုင် ကွာရှိ ရွာတရွာတွင် ဓားပြများနှင့် တိုက်ပွဲဖြစ်ပွားသည်။ သူပုန် ၉၂ ယောက် သေဆုံး၍ ၂၁ ယောက် လက်ရဖမ်းမိသည်။ သေနတ်များ၊ စိန် ၂ လက်နှင့် အလံ ၄ ခု ဖမ်းဆီးရမိသည်။ ဓားပြများက အလုံအနီးရှိ လက်ဖတင်နင် ဟဒ်ဆင်[၇]၏ တပ် စခန်းကို ညအခါ ဝင်ရောက် တိုက်ခိုက်ကြသည်။[၈]

ထို့ပြင် ဇွန်လ ၁၅ ရက် နေ့စွဲဖြင့် ဗန်းမော်မှ ပေးပို့သည့် သတင်းအရ ကချင်ပြဿနာမှာ မသေးလှကြောင်း၊ ကချင်များမှာ ဗန်းမော်အနီး ရှောတီမြစ်ကျဉ်းနှစ်ခုအကြား၏ အရှေ့တောင် နှင့် မြောက်ဖက်၊ အနောက်ဖက်တောင်တန်းဒေသများ၌ အနှံ့အပြား နေထိုင်ကြကြောင်း၊ မိုးကောင်းတဝိုက်တွင်လည်း အများအပြားရှိကြောင်း၊ တိုက်ခိုက်မှု အလွန်ကျွမ်းကျင်လိမ္မာ၍ အရဲ ရင့်ဆုံး တိုင်းရင်းသားများဖြစ်ကြကြောင်း၊ ကချင်များ၌ ရိုင်ဖယ်အမြောက်အမြားရှိ၍ ကျင့်လည်စွာ ပစ်ခတ်ကြကြောင်း သိရသည် စသဖြင့် ဖော်ပြထားလေသည်။ ထို့နောက် **ပိုင်အိုနီယား** သတင်းစာက ဇွန်လ ၁၈ ရက်နေ့မှ ၂၁ ရက်အတွင်း ငဖဲအနောက်ဖက် မူးမြစ်ကမ်း၌ ဖြစ်ပွားခဲ့ သည့် ပြင်းထန်လှသည့်တိုက်ပွဲအကြောင်း ဖော်ပြသည်။ ယင်းတိုက်ပွဲတွင် မေဂျာဂေါ်ဒန်[၉]၏ တပ်မှ လူ ၆၀ ထက်မနည်း ကျဆုံးသည်ဟုဆိုသည်။ နင်းကျန်းတွင် ဓားပြများနှင့် တိုက်ခိုက်ရာ ဆော်

၁။ Captain W. G. Dunsford; killed at Salin on 12 June 1886

၂။ Lieut. Wynyand

၃။ Lieut. Luggin

၄။ Mr. Cummings

၅။ Col. Griedy

၆။ Mr. Porter

၇။ Lieut. Hudson

၈။ *The Amrita Bazar Patrika*, 24 June 1886, p. 2. col. 3 တွင် ထပ်ဆင့်ဖော်ပြချက်

၉။ Major Gordon

မာဆက်ရှာယားတပ်ရင်းမှ လက်ဖတင်နင် ရှူးဘရစ်[1] ကျဆုံးကြောင်းနှင့် အရှေ့ဖက်နယ်စွန်၌ မြင်စိုင်းမင်းသား၏တပ်များနှင့် တိုက်နေရရာ ကက်ပတိန် ဝီဘရာဟမ်[2] ကျဆုံးသွားကြောင်း[3]လည်း ဖော်ပြထားပါသည်။ ထိုစဉ်က မြန်မာပြည်၏အခြေအနေကို **အမရစ်တာဘဇာ ပက်ထရစ်ကာ** သတင်းစာက ဆက်လက်၍ အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

> မြန်မာပြည်၌ မိုးကောင်း၍ စိမ်းလန်းသော သစ်တောကြီးများ ဝေဝေဆာဆာ ပေါက်ပွားကြီးထွားသကဲ့သို့ ဓားပြများလည်း ပြန့်ပွား ပေါများနေသည်။ တနေ့က ပင် ပုလိပ်ဌာနတခုနှင့် တမိုင်ပင် မဝေးသောနေရာရှိ ဘုန်းကြီးကျောင်းကို ဓားပြများ ဝင်စီးသွားသည်။ ပုလိပ်များက ထွက်၍ပင်မလာကြချေ။ ဟင်ပရှားယားတပ်ရင်းမှ ကက်ပတိန် အက်ကင်ဆင်[4] ကျဆုံးသည်။ ဇူလိုင်လဆန်း ၃ ရက်နေ့က မန္တလေးကို မီးတင်ရှို့ရန် စိုင်းပြင်းနေသည့် လူ ၅ ယောက်ကို မီးတုတ်များနှင့် လက်ရဖမ်းမိသည်။ ဓားပြရန် မအေးရသည့်အပြင် ရောဂါဆိုးများကလည်း စစ်တပ်များကို အပြင်းအထန် နှိပ်စက်နေသည်။ များစွာသော စစ်သားများမှာ နာဖျားနေကြ၍ သုံးမရ ဖြစ်နေသည်။ ဝန်တင်တိရစ္ဆာန်များလည်း ရောဂါမကင်းကြ။ မြင်းတပ်မှမြင်းများ ရောဂါကျရောက်၍ အများအပြား သေကြေပျက်စီးနေပေသည်။[5]

မြန်မာပြည်၏အခြေအနေကို ထိန်းသိမ်းရန် စစ်တပ်အင်အား အကြိမ်ကြိမ် ဖြည့်တင်းပေးပို့ခဲ့ရာ ၁၈၈၆ ခု ဇူလိုင်လခန့်တွင် အင်အား ၂၄၀၀၀ ကျော် ရှိခဲ့သည်။ သို့စင်လျက် တိုင်းပြည်အေးချမ်းအောင် မဆောင်ရွက်နိုင်ပဲ ရှိခဲ့ကြသဖြင့် အစိုးရကို ထောက်ခံနေသည့် သတင်းစာများကပင် ဗြိတိသျှတို့၏ လုပ်ဆောင်ချက်ကို စိတ်ပျက်လျက် အပြစ်တင် ဝေဖန်လာကြလေသည်။ ထို့ကြောင့် **ပိုင်အိုနီးယား** သတင်းစာက မြန်မာပြည်ငြိမ်ဝပ်ပိပြားအောင် နှိပ်ကွပ်ရေးကို စိတ်ပျက်သည့် လေသံဖြင့် အောက်ပါအတိုင်း ရေးသားခဲ့သည်။

> မြန်မာပြည်၏ ငြိမ်ဝပ်ပိပြားရေးမှာ ကြာလေဝေးလေ ဖြစ်နေပေပြီ။ အစက မန္တလေးကို သိမ်းပိုက်မိလျှင် တိုက်ခိုက်မှုအရပ်ရပ် ပြီးဆုံးမည်ဟု ထင်ခဲ့ကြသည်။ ထို့နောက် ဓားပြများကို နွေရာသီမကုန်မီ နှိမ်နင်း သုတ်သင်နိုင်မည်ဟု မျှော်လင့်ခဲ့ကြပြန်သည်။ မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာသည်တွင် မိုးမကုန်မီဟု မျှော်မှန်းချက် ရက်ရွှေ့ခဲ့ကြသည်။ ယခုတဖန် စစ်ဖက်ဆိုင်ရာအာဏာပိုင်များက မြင်းတပ်အများနှင့် စစ်အင်အားဖြည့်ပေးသော် ၁၈၈၇ ခု ဇွန်လမတိုင်မီတပြည်လုံး ပြားပြားဝပ် အေးချမ်းသွားမည်ဟု အားတက်ဖွယ် ပြောဆိုနေကြပေသည်။

၁။ Henry Thomas Shubrick, ပျဉ်းမနားမြို့၊ ကုလားသေသင်္ချိုင်းကုန်း (ခရစ်ယံသင်္ချိုင်းအနီး) တွင် သင်္ချိုင်းဂူစာနှင့်ရှိသည်

၂။ Captain Wilbraham

၃။ *The Amrita Bazar Patrika*, 8 July 1886, p. 1. col. 1 and p. 2. col. 2

၄။ R. F. Atkinson, ၃၁ ဇူလိုင် ၁၈၈၆ နေ့ စလင်းမြို့တိုက်ပွဲတွင် ကျသည် စလင်း ခရစ်ယံသင်္ချိုင်းတွင် သင်္ချိုင်းစာရှိသည်

၅။ *The Amrita Bazar Patrika*, 12 August, 1886, p. 5. col. 3

သို့သော် စစ်တပ် တတပ်ပြီးတတပ် ထပ်ဖြည့်ပို့နေသော်လည်း မြန်မာပြည်တွင် ရန်သူအင်အား ကောင်းသည်ထက် ကောင်းလျက်သာ ရှိချေသည်။ သာမကပြုရသော် ကချင်များကိုနှိမ်နင်းရန် တပ်ကြီးချီတက်ကြောင်း အကြီးအကျယ် ပြောကြသည်။ အောင်မြင်သည်ဟု ဆိုသည်။ ကချင်စော်ဘွားက ဝန်ချတောင်းပန် အညံ့ခံ၍ သေနတ်နှင့် ဓားကို ပေးအပ်သည်ဟု ဆိုသည်။ စင်စစ်သော်ကား ယင်းစစ်ဆင်ရေးမှာ ဗန်းမော်သို့ လက်လွတ်ပြန်လာခဲ့ရသည်။ ဓားပြတို့မှာ မင်းဘူးအရေးပိုင် မစ္စတာ ဖယ်ရာ[1]ကို သတ်လိုက်နိုင်သဖြင့် ပို၍ပင် ဂုဏ်တက် အားတက်လျက် ရှိကြသည်။[2]

မြန်မာ့အရေးအခင်းနှင့် ပတ်သက်၍ မကျေနပ်သော၊ အားမရသော သတင်းစာများက အစိုးရကိုသာမက အိန္ဒိယဘုရင်ခံချုပ် လော့ဒ် ဒပ်ဖရင်ကိုပါ ပြစ်တင် ဝေဖန်ရေးသားကြသည်။ အချို့ကလည်း ပြောင်လှောင်သရော်၍ ရုပ်ပြောင်များ ရေးဆွဲ ဖော်ပြကြလေသည်။ ၁၈၈၆ ခု မတ်လခန့်တွင် ချန္ဒာနဂိုရ်မှ ထုတ်ဝေသည့် **ဘီဗာ**[3] သတင်းစာ ပထမဆုံးစာစောင်သည် လော့ဒ် ဒပ်ဖရင်ကို ကာတွန်းရေးဆွဲလျက် ထွက်ပေါ်လာခဲ့သည်။ ယင်းကာတွန်းတွင် ဘုရင်ခံချုပ် လော့ဒ် ဒပ်ဖရင်၏ ပင်ကိုယ်သဘောထား အဆင့်ဆင့် ပြောင်းလဲခဲ့ပုံကို သရုပ်ဖော်ထားလေသည်။ လော့ဒ် ဒပ်ဖရင်သည် အလွန် ဘုရားတရား ရှိညွတ်ကိုင်းရှိုင်းသူ ခရစ်ယံတဦးဟု သတင်းမွှေးခဲ့သောကြောင့် ပထမပုံတွင် ဖာသာဒပ်ဖရင် ဘုရားဝတ်ပြုနေပုံဟု စာတန်းထိုးလျက် ဖာသာကြီးအဆင်အယင်နှင့် လော့ဒ်ဒပ်ဖရင် ဒူးထောက်ကာ လက်ယှက်လျက် ဘုရားဝတ်ပြုနေပုံကို ရေးဆွဲထားလေသည်။ ဒုတိယပုံသည် လော့ဒ်ဒပ်ဖရင်က ဟိန္ဒူတဦး၏ခေါင်းကို လက်ဘဖက်ဖြင့် ပွတ်သတ်လျက် ကျန်လက်ဘဖက်က ထိုဟိန္ဒူ၏အိပ်ကို နှိုက်နေပုံ ဖြစ်သည်။ တတိယပုံတွင် လော့ဒ် ဒပ်ဖရင်သည် မဂိုဘုရင်၏ အဆင်အယင်ဖြင့် ပေါင်းထုပ်ကြီးဆောင်းလျက် ဆင်ပေါ်တွင်ထိုင်ကာ တမာကူကြီးကို သောက်ရှူနေသည်။ ယင်းပုံအောက်တွင် ဧကရာဇ်ဒပ်ဖရင်ဟု စာတန်းရေးထိုးထားလေသည်။ စတုတ္ထပုံတွင်မူ လော့ဒ်ဒပ်ဖရင်သည် မြန်မာများအပေါ် ဗြိတိသျှစိုးမိုးမှုတည်းဟူသော မေတ္တာရေစင် ပက်ဖြန်းနေပုံဟု စာတန်းထိုးထားသည်။ ရေးဆွဲထားသည့်အရုပ်မှာ လော့ဒ်ဒပ်ဖရင်က မြန်မာများဖက်သို့ လက်ညှိုးထိုး ညွှန်ပြနေလျက် သူ၏ခွေးဘီလူးမျက်နှာနှင့် နောက်လိုက်များက မြန်မာများကို အညှင်းညှင်း ကိုက်ဖြတ်နေကြပုံ ဖြစ်သည်။[4]

ယင်း **ဘီဗာ** သတင်းစာမှာပင် မြန်မာပြည်အခြေအနေကို ဖော်ပြသည့် ကာတွန်းတခု ဩဂုတ်လလောက်တွင် ထပ်မံပါလာခဲ့ပြန်သည်။ ယင်းကာတွန်းတွင် အထက်မြန်မာပြည်ကို မှန်ယိုနေသော ဆင်ဖြူတော်ကြီးအဖြစ်နှင့် လော့ဒ်ဒပ်ဖရင်ကို ဆင်ဦးစီးအဖြစ် ရေးဆွဲထားသည်။ ချွန်းကြီးကို ကိုင်ထားသည့် ဆင်ဦးစီးကို ဆင်ဖြူတော်ကြီးက အတင်းခါချ၍ ကြိုးပမ်းနေသည်။ ပန်ချာဘီ ပုလိပ်များနှင့် နယ်ဖက်အုပ်ချုပ်ရေး အရာရှိများက ဆင်ဖြူကြီး၏နောက်ခြေများကို ထူးခတ်ကာ အစွမ်းကုန် ဆွဲထားကြသည်။ စစ်ဘပ်ကလည်း ရှေ့မှနေ၍ ဆင်ဖြူကြီးအပေါ် ကျည်ဆံမိုး ရွာချ

၁။ R. Phayre, ၁၈၈၆ ခု ဇွန်လ ၈ ရက်နေ့တွင် ဗိုလ်ဆွဲနှင့် တိုက်ခိုက်ရာတွင် ကျဆုံးသည်

၂။ *The Amrita Bazar Patrika*, 17 June 1886, p. 6. col. 2

၃။ *The Beaver*

၄။ *The Amrita Bazar Patrika*, 11 March, 1886, p. 6, col. 3

နေသည်။ သွေးစက်စက်ယိုနေသည့် ဆင်ဖြူကြီးသည် ထူးခတ်ထားလျက်နှင့်ပင် အစွမ်းကုန် ရုန်းကန်ကာ ကျည်ဆံများအကြားမှ ဖမ်းမိသမျှကို ဆွဲရမ်းနင်းသတ်လျက် ရှိနေပုံကို ရေးဆွဲထားလေသည်။[၁]

ထိုကဲ့သို့ ရှိနေခဲ့သည့် ၁၈၈၆ ခု နှစ်လယ်ခန့်က မြန်မာပြည်အခြေအနေကို **အမရစ်တာ ဘဇာ ပက်ထရစ်ကာ** သတင်းစာက "သပွတ်အူ မြန်မာပြည်" ဟူသည့် ခေါင်းစဉ်ဖြင့် ရှည်လျားစွာ ဝေဖန် ရေးသားခဲ့သည်။ ယင်းဝေဖန်ရေးသားချက်အရသော် မြန်မာပြည်ကို အခြေအနေမှာ အကြမ်းဖျင်းအားဖြင့် အောက်ပါအတိုင်း ရှိခဲ့လေသည်။

> မြန်မာပြည် အေးချမ်းအောင် နှိမ်နင်းရေးတာဝန်ကို ချာလ်(စ်)ဘာနဒ်အား ပေးထားသော်လည်း စရိတ်စကနှင့် စစ်ဖက်နယ်ဖက် အုပ်ချုပ်ရေးအရာရှိများ လုံလောက်အောင် ပေးမထားသဖြင့် ဘာနဒ်ခမျာ သနားစရာ ဖြစ်နေရှာသည်။ လော့ဒ်ဒပ်ဖရင်သည် အထက်မြန်မာပြည်ကို ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်စဉ်က ဤမျှငွေကုန်ကြေးကျရှိမည်ဟု သဘောမပေါက်ခဲ့ချေ။ မြန်မာ့စစ်ကြောင့် အစိုးရမှာ အကျပ်ရိုက်နေပြီ။ ဘာနဒ်ကို ထောက်ပံ့ရန် ငွေမရနိုင်၍ သနားစရာကောင်းလောက်အောင် အခက်ကြုံနေပေပြီ။ ဘာနဒ်မှာ ဖြစ်သည့်နည်းနှင့် ကြံဖန်စခန်းသွားနေရသည်။ တိုင်းပြည်မှာလည်း တဖြည်းဖြည်း အေးချမ်းလာမည့်အစား အဖက်ဖက်က ယိုယွင်း ပျက်စီးလျက် ရှိနေလေသည်။
>
> အိန္ဒိယအစိုးရသည် ဤအခြေအနေတွင် ဆူဆူပွက်ပွက် ဝေဖန်နေကြသည့် အင်္ဂလိပ်နှင့် အိန္ဒိယ ပရိသတ်ကို တဖက်လှည့်နှင့် ချွေးသိပ်နေရသည်။ သီပေါမင်း၏နန်းတော်မှ သိမ်းဆည်းရရှိလာသည့် ရတနာများကို မက်လုံးပြလျက်တမျိုး၊ သီပေါမင်း၏ စက်ရုံများမှ အဘိုးတန်စက်ပစ္စည်းများကို ဘာရက်ပူရ် အလုပ်ရုံများ၌ အသုံးပြုရန် ကြိုးစားခြင်းဖြင့်တနည်း၊ တိုင်းပြည်၏ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ၊ သစ်တောများ၊ ပတ္တမြားတွင်း၊ ရေနံတွင်းများကို ဘန်းပြ၍ဘသွယ် ဆွယ်လုံးချော့လုံး သုံးနေရသည်။ အထက်မြန်မာပြည်၌ ဖြစ်ပျက်နေသည့် အခြေအနေသည် တလိုက်နှင့် ဟော့စတင်းလက်ထက်က ဘင်္ဂလားနှင့် တူနေပေသည်။ ထိုစဉ်က ကုမ္ပဏီအစိုးရက ငွေကို အပူတပြင်း အလိုရှိခဲ့သည်။ ထို့ကြောင့် ဘင်္ဂလားဘုရင်ခံများသည် ငွေရရန် တိုင်းသူပြည်သားများထံမှ ရသည့်နည်းနှင့် ငွေညှစ်ကြရသည်။ နောက်ဆုံး၌ တော်မှတ် ခေါင်းပါးခြင်းဘေးဆိုက်ကာ ဘင်္ဂလားရှိလူဦးရေ၏ သုံးပုံတပုံ ပျက်စီးသွားခဲ့ဘူးလေသည်။
>
> မြန်မာ့ပြဿနာမှာ တဖြည်းဖြည်းနှင့် အလွန်ကြီးမားလာခဲ့လေပြီ။ လွန်ခဲ့သည့် ခြောက်လက လော့ဒ်ဒပ်ဖရင်က မြန်မာ့စစ်သည် ခေတ်သစ်စစ်ပွဲများတွင် ငွေကုန်အနည်းဆုံးနှင့် သွေးထွက်သံယိုအနည်းဆုံး စစ်ပွဲဖြစ်သည်ဟု ဝင့်ကြွားခဲ့သည်။ ရှာအလီကို နန်းချ၍ ကဘူလ်ကို သိမ်းခဲ့စဉ်ကလည်း လော်ဒ်လစ်ဘန်က ဤအတိုင်း လေလုံးထွားခဲ့သည်။ သို့သော် ထိုစဉ်က အာဖဂန်နယ်တွင် ကြုံခဲ့ရသည့်အတိုင်း မြန်မာပြည်တွင် ကြုံနေရပြန်လေပြီ။ တမျိုးသားလုံး အုံကြွပုန်ကန်မှုကြီးနှင့် ရင်ဆိုင်နေရသည်။

၁။ *The Amrita Bazar Patrika*, 12 August 1886, p. 5. col. 3

သီပေါကိုနန်းချရန် ပေါင်စတာလင် ၃၅၀၀၀၀ သာ ကုန်သည်။ ငြိမ်ဝပ်ပိပြားအောင် နှိမ်နင်းရသည်မှာ သန်းချီ၍ ကုန်နေသည်။ ဗြိတိသျှတို့သည် အထက်မြန်မာပြည်ကို ၁၈၈၅ ခု နိုဝင်ဘာလကပင် လက်ဝယ်ရကြသည်။ သို့သော် ဗြိတိသျှစိုးမိုးမှုကို ခုခံဆန့်ကျင်ချက်များ တလထက်တလ ပြင်းထန်လာခဲ့သည်။ မြန်မာတို့သည် ဗြိတိသျှတို့ကို အပြီးတိုင် တိုက်ထုတ်နိုင်ကြမည်ကား မဟုတ်ပေ။ သို့သော် ခုခံဆန့်ကျင်ရေးမှာ တစတစ ပြင်းထန် နက်ရှိုင်းလာခဲ့သည်။

ကချင်များကို နှိမ်နင်းရန် ချီတက်သည်မှာ မအောင်မြင်ချေ။ အမှန်ပြောရလျှင် အထက်မြန်မာပြည်ကို သိမ်းပိုက်ရာ၌ ကျေနပ်ဖွယ်၊ ဝမ်းမြောက်ဖွယ် တစုံတရာမှ မရှိသေးချေ။ မြန်မာပြည်၌ ဗြိတိသျှအစိုးရ ဘာတွေလုပ်နေသည်ကို ကြည့်ကြပါဦးစို့။ မြန်မာများကို သူပုန်များ၊ ဓားပြများဟု ခေါ်နိုင်ပါသည်။ သူတို့၏ လွတ်လပ်ရေး တိုက်ပွဲများကို သောင်းကျန်းမှုဟု ဆိုနိုင်ပါသည်။ မြန်မာခေါင်းဆောင်များမှာ ဓားပြ ရုပ်၊ လူသတ်သမားရုပ် ပေါက်လျှင်လည်း ပေါက်နေပေမည်။ သို့သော် သူတို့သည် မျိုးချစ်သားကောင်းများသာ ဖြစ်ကြသည်။ လွတ်လပ်ရေးအတွက် ရင်မြေကတုတ်ပြု ကာ တိုက်ပွဲဝင်နေကြခြင်းသာ ဖြစ်သည်။ စင်စစ် မြန်မာများကို ချီးကျူးထိုက်ပေသည်။ သို့သော် ဗြိတိသျှအာဏာပိုင်များသည် မြန်မာမျိုးချစ်များကို ကျည်ဆံနှင့် လှံစွပ်ဆု ပေးနေသည်။ ရွာများကို မီးလောင်တိုက် သွင်းနေကြပါသည်။ တနေရာ၌ ဓားပြ ထနေသည်ဟုကြားလျှင် တပ်တတပ် လွှတ်လိုက်သည်။ ထိုတပ်ရောက်သော အခါ ရွာတွင် ဓားပြများ မရှိတော့ပြီ။ သို့သော် ရွာသားများ မလှုပ်ဝံ့အောင်၊ နှိမ့်နာ အောင်ဆို၍ ရွာကိုမီးတိုက်သည်။ ဤနည်းဖြင့် ရွာသူရွာသားများမှာ ဓားပြနှင့် ကေရိဘုရင်မကြီး၏ တပ်မတော်ကြားတွင် မည်ကဲ့သို့ အသက်ရှင်ရမှန်းမသိ ဖြစ်နေကြ ပေပြီ။ ဗြိတိသျှအစိုးရသည် အထက်မြန်မာပြည်သူတို့အပေါ် တရားမျှတမှုနှင့် လုံခြုံမှု တည်းဟူသော တန်ဘိုးမဖြတ်နိုင်သည့်ရေစင်ကို သွန်းလောင်းရန် သွားရောက်သည်ဟု ဆိုသည်။ သို့သော် အုပ်ချုပ်ရန် ရောက်ရှိလာသည့် မင်းကြီးများ၊ အရေးပိုင်များ လက်တွင် ယင်းရေစင် ပါမလာခဲ့ချေ။

ထို့ကြောင့် တမျိုးသားလုံး အုံကြွ ခုခံ ဆန့်ကျင်သည့်ရလဒ်နှင့် ရင်ဆိုင်နေကြရပေသည်။ ဗြိတိသျှသခင်သစ်ကို မုန်းတီးမှုမှာ တနေ့တခြား တိုးပွားလျက်ရှိသည်။ အညှံ့ခံ၍ လက်နက်ချမည့်ပုံ လုံးဝပေါ်မလာပေ။ မြန်မာများအတွက် လက်နက်ချ အညှံ့ခံလိုက်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ကျွန်ုပ်တို့ သိသည်။ သို့သော် မြန်မာတို့ကား တိုက်ပွဲကိုသာ ရွေးချယ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပြန်လှန်တိုက်ခိုက် နှိပ်ကွပ်ခြင်းဖြင့် အမုန်းပွားသည်ထက် ပွားအောင် ဖန်တီးကြမည်လော၊ သို့မဟုတ် မြန်မာ့မြေမှ တပ်ခေါက်ကာ ပြန်လာကြမည်လော။ တိုက်ခိုက်နှိမ်နင်းရေးလမ်းစဉ်ကို လိုက်လျှင် ငွေကုန်မည်၊ သွေးထွက်သံယိုရှိမည်၊ မြန်မာများကို ရက်ရက်စက်စက် သတ်ဖြတ် သုတ်သင်ရမည်၊ သူတို့တိုင်းပြည်ကို ဖျက်ဆီးရမည်၊ နောက်ဆုံး၌ အကျိုးမရှိ၍ စွန့်လွှတ်ခဲ့ရမည်။ စင်စစ်အားဖြင့်သော် မြန်မာပြည်အရေးကို မြန်မာများအားသာ လျှင် ဖြေရှင်းစေသင့်သည်။ သို့သော် လွတ်လပ်ရေးကို မြတ်နိုးသည်ဆိုသော၊ တရား

> မျှတမှုကိုသာ လိုလားသည်ဆိုသော၊ မြင့်မြတ်သော ဂုဏ်သရေရှိသော အင်္ဂလိပ်လူမျိုးများက ယင်းအချက်ကို လက်မခံကြချေ။ ရှက်ဖွယ်ဟု ယူဆကြသည်။ လက်နက်အင်အားချင်း မမျှသူများကို ကျည်ဆံမိုးရွာကာ အနိုင်ယူနေလျက် ကုန်ကျသမျှစရိတ်စကကို အိန္ဒိယအပေါ် လုံးဝတာဝန်ချထားခြင်းကိုမူ ရှက်ရမှန်း မသိကြချေ။ ဗြိတိသျှတို့ ဆင်နွှဲသမျှ စစ်ပွဲများတွင် ဤစစ်သည် အဓိပ္ပာယ်အမဲ့ဆုံး၊ အကျိုးမရှိဆုံး အိန္ဒိယအတွက် ထိခိုက်နစ်နာဆုံးစစ်ပွဲ ဖြစ်လေသည်။[၁]

ဗြိတိသျှစိုးမိုးမှုကို လက်သင့်မခံပဲ ခုခံဆန့်ကျင်နေသည့် မြန်မာပြည်သူပြည်သားများကို ဗြိတိသျှအစိုးရက ဓားပြများဟု မှတ်ဘမ်းတင်သည်။ သို့သော် အိန္ဒိယသတင်းစာကြီးများက ယင်းအချက် မမှန်ကန်ကြောင်း၊ ဓားပြထခြင်းမဟုတ်ပဲ တမျိုးသားလုံး အုံကြွတော်လှန်နေကြခြင်းသာဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။ ထို့ပြင် ဓားပြများဟုဆိုကာ ရက်စက်စွာ ခြေမှုန်းသုတ်သင်နေသည့် ဗြိတိသျှတို့၏ ငြိမ်ဝပ်ပိပြားရေး Pacification ကို ဘွင်းဘွင်းရှင်းရှင်းတမျိုး၊ မဲ့ကာရွဲ့ကာ ခနဲ့ကာဖြင့်တသွယ်၊ ရှုံ့ချပြစ်တင် ဝေဖန်ရေးသားခဲ့ကြလေသည်။ အနည်းငယ် ထုတ်နုတ်၍ သာဓကပြပါမည်။ **မာရတာ**[၂] သတင်းစာက ဓားပြဟူသည့် အသုံးအနှုန်းနှင့် ပတ်သက်၍

> မြန်မာများနှင့် ဓားပြဟူသည့် ဝေါဟာရမှာ ရာသက်ပန် တွဲနေတော့မည်။ အလွန်ကောင်းသော ဝေါဟာရ ဖြစ်သည်။ ဓားပြဟု ကင်ပွန်းတပ်ထားလျှင် စိတ်ကြိုက်လိုက်လံ ထိုးခုတ်သတ်ဖြတ်နိုင်သည်။ စစ်သားများ ဓားပြလိုက်ဖမ်းသည့် စိတ်ဝင်စားဖွယ် သတင်းများ မကြာခဏ ကြားနေရသည်။ ဓားပြလိုက်ခြင်းသည် စစ်သားများအတွက် အလွန်ပျော်စရာကောင်းသော၊ စိတ်တက်ကြွဖွယ်ကောင်းသော အပျင်းပြေကစားနည်းတခုဖြစ်၍ အကျိုးထူးခံစားရမည်မှာ မုချဖြစ်သည်။ စစ်သားများသည် ဓားပြဖမ်းနည်းအမျိုးမျိုး၌ အလွန်ကျွမ်းကျင်သည့် ဓားပြဖမ်းဝိဇ္ဇာများ ဖြစ်လာကြတော့မည်။ အို မြန်မာပြည်သားများတို့ မညည်းညူကြကုန်လင့်၊ သင်တို့အသတ်ခံရခြင်းသည် အချည်းနှီးမဟုတ်ချေ။ ဇွဲကောင်းသည့်အရှေ့တိုင်းသား နင်းပြားများပီပီ မညည်းမညူအသတ်ခံကြလော့။ သင်တို့သည် ဓားပြဖမ်းဝိဇ္ဇာများ ပေါ်များလာစေရန် အကျိုးပြုနေသူများ ဖြစ်ကြသည်။ စစ်သားများကို ဓားပြဖမ်းပညာ ကျွမ်းကျင်သူများဖြစ်လာအောင် အသတ်ခံနေကြခြင်းဖြင့် သင်တို့သည် လူ့လောကကြီးကို အကျိုးပြုနေကြပေသည်။[၃]

ဟု သရော်ခဲ့လေသည်။ ထို့အတူ **အိန္ဒိယတိုင်း**[၄] သတင်းစာကလည်း

> မြန်မာများသည် ကျွန်ုပ်တို့ကို လေးစားကြည်ညိုခြင်းမရှိဟုဆိုသော်လည်း ကျွန်ုပ်တို့၏ အုပ်ချုပ်ရေးကို အနူးအညွတ် လက်ခံကြလျက် ကျွန်ုပ်တို့ကို နှစ်ခြိုက်ကြပုံပေါ်

၁။ *The Amrita Bazar Patrika*, 8 July 1886, p. 4. col. 2–5 နောက်ဆက်တွဲ ၁ ၌

၂။ *The Marahta*

၃။ *The Amrita Bazar Patrika*, 25 July 1886, p. 1. col. 2

၄။ *The Times of India*

သည်ဆိုခြင်းမှာ မှန်ပါသည်၊ ယုံမှားစရာမရှိပါ။ မြန်မာများအတွက် တမျိုးသားလုံး လွတ်လပ်ရေးဆုံးရှုံးကာ သဘောမတူ အယူလွဲသည့် လူမျိုးကွဲများက အုပ်စိုးသည်ထက် ဝမ်းသာကြည်နူးစရာကောင်းသည့်အရာ အဘယ်မှာလျှင် ရှိပေမည်နည်း။ ထို့ပြင် ပြည်သူတို့ကို ရက်ရက်စက်စက် သတ်ဖြတ်သုတ်သင်ကာ မြို့ရွာများကို မီးရှို့ဖျက်ဆီးခြေမှုန်းနေသည့် ရှခင်းများထက် မည်သည့်အချက်က ဗြိတိသျှစိုးမိုးအုပ်ချုပ်ရေးကို ပိုမိုအထင်ကြီးစေမည်နည်း။ အင်္ဂလိပ်နှင့် အင်္ဂလိပ်-အိန္ဒိယကပြားများ၏ ရေးသားချက်အရသော် မြန်မာ မင်းညီမင်းသားများနှင့် ယခင်မင်းမှုထမ်းများ စစ်ဗိုလ်စစ်သား ဟူသမျှမှာ ဓားပြများသာ ဖြစ်ကြသည်။ ထို့ကြောင့် မြန်မာပြည်တွင် လူကောင်းသူကောင်း ဟူ၍ တဦးတယောက်မျှ ရှိပါ၏လောဟု ကျွန်ုပ်တို့ သိလိုလှပါသည်။ ဒိဋ္ဌိများဖြစ်ကြသည့် မြန်မာများကို သေနတ်များ၊ ဖုံးဆံကျည်ဆံ၊ လှံစွပ်များဖြင့် သာသနာပြုကာ လူသားတို့အပေါ် သေနတ်ပြောင်းဝမှ ကရုဏာ မေတ္တာ ရေစင်သွန်းဖြန်း ကောင်းချီးပေးနေသူများမှာ စေတနာရှင် သူတော်စင် ခရစ်ယံအင်္ဂလိပ်များ ဖြစ်ကြသည်။ ယင်းစေတနာရှင်တို့၏ မေတ္တာရေစင်ကို လက်သင့်မခံသူများ၊ အမျိုးသားလွတ်လပ်ရေးကို ထိန်းသိမ်းရန် သွေးချောင်းစီးခံကာ ကြိုးပမ်းနေသူများမှာ ဓားပြများပင် ဖြစ်ကြပေသည်။[၁]

ဟု ခနဲ့ခဲ့လေသည်။

အထက်မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန် ထောက်ခံအားပေးခဲ့သည့် **ပိုင်အိုနီးယား** သတင်းစာပင်လျှင် ဓားပြဟု စွပ်စွဲသည့်ကိစ္စတွင် လေသံပြောင်းကာ အစိုးရကို ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင် ရေးသားခဲ့ကြောင်း တွေ့ရပေသည်။ ပိုင်အိုနီးယား သတင်းစာက မြန်မာပြည်သို့ စစ်သားသုံးသောင်းကျော် ပို့ပြီးလျက် အထက်မြန်မာပြည်အခြေအနေမှာ ခက်ခဲမြဲ ခက်ခဲလျက် ရှိကြောင်း၊ အခြေအနေမှန်ကို အင်္ဂလန်ပြည်သူပြည်သားများသာမက အိန္ဒိယအစိုးရပင်လျှင် ကောင်းစွာ သဘောမပေါက်သည်မှာ ထင်ရှားကြောင်း၊ စစ်တပ်များ အဆက်မပြတ်ပေးပို့နေရ၍ အိန္ဒိယစစ်ဘပ်အင်အားမှာ ချည့်နဲ့နေပြီဖြစ်ကြောင်း၊ သို့စင်လျက် ငြိမ်ဝပ်ပိပြားမှုမရှိသေးကြောင်း ရေးသားခဲ့သည်။ ထို့ပြင် မြန်မာပြည်၌ တွေ့ကြုံရင်ဆိုင်နေရသည်မှာ သာမန်ဓားပြထမှုသက်သက် မဟုတ်ပဲ တမျိုးသားလုံးအုံကြွကာ လူမျိုးခြားစိုးမိုးမှုကို ခုခံတွန်းလှန်နေကြခြင်းသာဖြစ်ကြောင်း၊ ဓားပြ ၁၀၀ ကျော်ကို အောင်မြင်စွာ တိုက်ထုတ်လိုက်သည်ဟူသည့် အစိုးရထုတ်ပြန်ကြေညာချက်များကို ကြားရတိုင်း စဉ်းစားစရာပေါ်လာကြောင်း၊ လူ ၁၀၀ ကျော် စုစည်းခုခံနေမှုကို လူဆိုး ဓားပြများဟု မခေါ်နိုင်၊ ထို့ကြောင့် ခုခံရန်မူနေသူများမှာ တိုင်းသူပြည်သားများသာဖြစ်ကြောင်း ဆင်ခြင် ချင့်ချိန် သိသာနိုင်သည်ဟူ၍လည်း ဖော်ပြခဲ့သည်။ ယင်းသတင်းစာကပင် ဆက်လက်၍ ဂျင်နရယ် ပရင်ဒါဂတ်က လန်ဒန်ပရိသတ်ဘစုရှေ့တွင် "မြန်မာပြည်၌ ဓားပြဆိုသူများအကြောင်း အလွန်ကြားနေရသည်။ ကျွန်ုပ်သည် ဓားပြများကို တခါမျှ မမြင်ဘူးခဲ့ပါ"ဟု ပြောဆိုကြောင်း၊ ထို့ပြင် အင်္ဂလိပ်နေ့စဉ်သတင်းစာကြီးတစောင်က "မြန်မာပြည်တွင် တမျိုးသားလုံး လက်နက်ကိုင် အုံကြွခုခံမှုနှင့် ရင်ဆိုင်နေရသည်" ဟု ဖော်ပြထားကြောင်း တင်ပြလျက် ဗြိတိသျှအစိုးရသည်

၁။ *The Amrita Bazar Patrika*, 19 Dec. 1886, p. 7. col. 1

အဘယ်ကြောင့် အမှန်တရားကို ဖုံးကွယ်လှည့်စားနေပါသနည်း စသည်ဖြင့် **ပိုင်အိုနီးယားသတင်းစာက** ပြစ်တင်ဝေဖန် ရေးသားခဲ့သည်။[၁] ယင်းရေးသားချက်များကို **အမရစ်တာ ဘဇာ ပက်ထရစ်ကာ** သတင်းစာက ထပ်လောင်း ဖော်ပြခဲ့ပါသည်။

ငြိမ်ဝပ်ပိပြားရေးဟုဆိုကာ လက်စားချေစစ်ကြောင်းများ ချီတက်၍ သတ်ဖြတ်ခြေမှုန်းနေသည့် ဗြိတိသျှတို့၏လုပ်ဆောင်ချက်ကိုလည်း အိန္ဒိယသတင်းစာများကရှုံ့ချကြသည်။ပြောင်လှောင်သရော်ကြသည်။ **အမရစ်တာ ဘဇာ ပက်ထရစ်ကာ** သတင်းစာက ယင်းအကြောင်းနှင့် ပတ်သက်၍

> မြန်မာပြည်တွင် အထိန်းအကွပ်မဲ့လျက် အမယ်ဘုတ်ကဲ့ သို့ချည်ခင်ပမာ ဖြစ်နေသည်။ အဖက်ဖက်က ပြည့်စုံစေရန် ဝေါ်မွတ်ခေါင်းပါးခြင်း ကပ်တခုသာ ထပ်လောင်းရန် လိုပါတော့သည်။ **အင်္ဂလိပ်ရှမင်း** သတင်းစာ၌ ဖော်ပြချက်အရသော် ယင်းဖြစ်ရပ်လည်း မဝေးလှတော့ကြောင်း သိရသည်။ သမိုင်းသာဓကပြရသော် ဘင်္ဂလားကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးစက ဝေါ်မွတ်ခြင်းဘေး ဆိုက်ရောက်၍ ဘင်္ဂလားလူဦးရေ၏ သုံးပုံတပုံ ပျက်စီးခဲ့ဘူးသည်။ မြန်မာပြည်၏ လက်ရှိအခြေအနေတွင် ဝေါ်မွတ်ခြင်းကပ်ဆိုက်ပါက အဆိုးထဲမှ အကောင်းဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ငြိမ်ဝပ်ပိပြားရေးအတွက် စစ်သားသုံးသောင်းကျော် ပို့ထားရန် လိုတော့မည် မဟုတ်ချေ။ ဝေါ်မွတ်ခြင်းကပ်က ငြိမ်ဝပ်ပိပြားရေး Pacificationကို လှံစွပ်များ၊ ကျည်ဆံများထက် ထိရောက်စွာ လုပ်ဆောင်ပေးမည် ဖြစ်သည်။[၂]

ဟု အယ်ဒီတာ မှတ်ချက် ရေးသားခဲ့သည်။

ဤသို့နှင့် ၁၈၈၆ ခုနှစ်ကုန်ပိုင်းသို့ ရောက်လာသည်။ မြန်မာပြည်၏အခြေအနေမှာ ထူးခြားကောင်းမွန်လာခြင်းမရှိပဲ နယ်မြေအနှံ့ တိုက်ပွဲများ ပြင်းထန်လျက်ပင်ရှိခဲ့သည်။ ၁၈၈၆ ခု စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလထုတ် အိန္ဒိယသတင်းစာများတွင် မြန်မာပြည်အရပ်ရပ်မှ တိုက်ပွဲသတင်းများဖြင့် ပြည့်နှက်နေပေသည်။ အနည်းငယ် ထုတ်နုတ်၍ တင်ပြပါမည်။ စက်တင်ဘာလ ၇ ရက် နေ့စွဲဖြင့် ကြည့်ပ်နှင့် မလည်အခြေအနေကို **စတိတ်စမင်း** သတင်းစာက အောက်ပါအတိုင်း ဖော်ပြထားသည်။

> ယခုလအတွင်း ဗြိတိသျှတပ်စခန်းများကို မြန်မာများက တစည်းတလုံးတည်း ဝင်ရောက်တိုက်ခိုက်ရန် စိုင်းပြင်းနေကြကြောင်း ထင်ရှားသည်။ မြစ်ကမ်းတလျှောက်ရှိ ကုန်သည်ရွာများမှတပါး ကျန်မြန်မာတမျိုးသားလုံးနီးပါးမျှ ဝန်သိုစော်ဘွားနှင့် မင်းသား မောင်မှတ်တို့၏ တော်လှန်ရေးအလံအောက်သို့ ဝင်ရောက် စုစည်းလျက်ရှိကြသည်။ ဗြိတိသျှတပ်များ ကြည့်ပ်သို့ ဆိုက်ရောက်သည်တွင် တမြို့လုံး ကြောက်ရွံ့ထိတ်လန့်လျက်ရှိကြောင်း တွေ့ရသည်။ ပလဲမှ ခေးပြများသည် မင်းသားမောင်မှတ်၏ အလံကို လွှင့်ထူလျက် မြို့၏တဖက်ကမ်းတွင် စုရုံးနေကြသည်။ မြစ်ကမ်းတလျှောက်ရှိ မြို့ရွာများသည် ဗြိတိသျှတို့၏သစ္စာကို ခံယူကြခြင်းဖြင့် မြန်မာတမျိုးသားလုံးအရေးကို

၁။ *The Amrita Bazar Patrika,* 26 August 1886, p. 6. col. 2–3

၂။ *The Amrita Bazar Patrika,* 12 August 1886, p. 5, col. 3

သစ္စာဖောက်သူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ယင်းသစ္စာဖောက်များနှင့် ယင်းတို့၏ မြို့ရွာများကို ဖျက်ဆီးခြေမှုန်းမည် ဟူသည့် မင်းသား မောင်မှတ်၏ ကြေညာချက်ကိုလည်း စိုက်ထူထားကြသည်။ မလည်နှင့် ဆယ်မိုင်ခန့်အကွာတွင်လည်း ဓားပြများ တပ်ကြီးတပ်ခိုင်စွဲ၍ ရှိနေကြသည်။ မင်းသားမောင်မှတ်မှာ မလည်နှင့် မိုင် ၃၀ ခန့်ကွာ ရွာသာတွင် တပ်စခန်းချလျက်ရှိသည်။ မလည်တွင် ဗြိတိသျှတပ်စခန်းတခု ဖွင့်လှစ်ရန် ကသာအရေးပိုင်က သဘောတူပြီးဖြစ်ကြောင်း သိရသည်။[1]

မန္တလေးနှင့် ဗန်းမော်အကြားရှိ နယ်မြေဒေသ၏ အခြေအနေကို ကသာသတင်းထောက်က စက်တင်ဘာလ ၆ ရက်နေ့တွင် **ပိုင်အိုနီးယား** သတင်းစာသို့ အောက်ပါအတိုင်း ပေးပို့ခဲ့လေသည်။

အိန္ဒိယမှ စစ်အင်အားဖြည့်တင်းပေးရန် စီစဉ်ချက်နှင့် နှိမ်နင်းရေးလုပ်ငန်းမှာ နှောင့်နှေးကြန့်ကြာ၍ စိုးရိမ်ဖွယ်ရှိလေသည်။ သူပုန်များကို ပြတ်ပြတ်သားသား အစွမ်းကုန် ခြေမှုန်းသုတ်သင်ရေးလမ်းစဉ်ကို မယုံကြည်သူများအား မန္တလေးနှင့် ဗန်းမော် အကြားဒေသသို့ ခရီးတခေါက် လာရောက်စေလိုကြောင်း၊ အခြေအနေမှာ ပြောမယုံကြုံဘူးမှ သဘောပေါက်မည် ဖြစ်သည်။ ကျွန်ုပ်တို့သာ လက်နှေးပါက နယ်မြေတခုလုံးမှာ သူပုန်မင်းသားနှင့် ဝန်သိုစော်ဘွားလက်တွင်းသို့ သက်ဆင်းကျရောက်သွားမည်မှာ မလွဲပေ။ ဝန်သိုစော်ဘွားသည် လူအင်အား၊ ငွေအင်အားနှင့် ဩဇာတိက္ကမကြီးမားသူ တဦးဖြစ်၍ အထက်မြန်မာပြည်တွင် အင်အားအကြီးဆုံးရန်သူဖြစ်ကြောင်း။ ချောင်းခွ မင်းသားများနှင့် မောင်မှတ်တို့မှာ ဒုတိယအရေးအကြီးဆုံးရန်သူများ ဖြစ်ကြသည်။[2]

ယင်းသတင်းထောက်က ဆက်လက်၍ ရေးသားထားသည်မှာ –

အတွင်းပိုင်းတခုလုံး မငြိမ်မသက် ဆူပွက်လျက်ရှိနေပေသည်။ မော်လူး၊ မိုးညှင်း၊ မန်လုံ၊ ဝန်သို သူပုန်စော်ဘွားများ၊ ခေါင်းဆောင်များ လွန်စွာအင်အားတောင့်လျက် ရှိကြသည်။ မဲဇာမြစ်ကမ်းတွင်ပင် လူ ၄၀၀၀ ခန့် စုရုံးစေလျက်ရှိသည်။ ယင်းလူများကို ဝန်သိုစော်ဘွား၏ နာမည်ကြီးဗိုလ်များနှင့် မိုးကောင်းဝန်တို့ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။ မင်းဝန်တောင်ရိုးရှိ လမ်းပေါက်လမ်းဝဟူသမျှကို သူပုန်များက သိမ်းပိုက်လျက် တပ်ချကာ ပိတ်ဆို့ထားရာ ဗြိတိသျှသစ္စာခံ မြတောင်၊ မန်လည်၊ ရွှေအရှေ့ကြောင်း၊ ကောင်းတုံ၊ ငါးခရိုင်ဝန်များနှင့် ကသာရှိ ဗြိတိသျှတပ်တို့ပါ သူပုန်များ ဝိုင်းထားခြင်း ခံနေရလေသည်။ စက်တင်ဘာလ ၁၀ ရက်နေ့တွင် သူပုန်ဗိုလ်များ၊ စော်ဘွားများ စုပေါင်း၍ ကသာကိုစီးမည်၊ ထို့နောက် ဝန်သိုစော်ဘွား၏တပ်များက မြတောင်၊ ကျွန်းတောင်၊ ပလဲနှင့် နဂါးစင်နယ်များကို တိုက်ခိုက်သိမ်းပိုက်ကာ သူပုန်မင်းသား မောင်မှတ်နှင့် ပူးပေါင်း၍ ရွှေဘိုနှင့် ရေဦးကို စီးမည်ဟူသည့်သတင်းလည်း ပြန့်လွင့်လျက်ရှိသည်။ ထို့ကြောင့် ကသာတပ်ကို အင်အားဖြည့်ပေးရန် အရေးတကြီး လိုအပ်နေပေသည်။ မဟာဝန်ရှင်တော်မင်းကြီး၏ စေ့စပ်ကမ်းလှမ်းချက်ကို ဝန်သို

၁။ *The Statesman*, 26 September 1886. နောက်ဆက်တွဲ ၂ ရှု

၂။ *The Statesman*, 26 September 1886· နောက်ဆက်တွဲ ၂ ရှု

> စော်ဘွားက လက်သင့်မခံကြောင်း ကြားသိရသည်။ သို့ဖြစ်၍ ယခုဆောင်းတွင် ဝန်သိုသို့ မလွဲမသွေ ချီတက်တိုက်ခိုက်ရမည်။ ယင်းစစ်ဆင်ရေးမှာ လွန်စွာအရေးကြီး၍ ခက်ခဲပေလိမ့်မည်။ ဝန်သိုနယ်၏လူဦးရေမှာ ၈၀၀၀၀ ရှိ၍ တိုက်ပွဲဝင်အင်အား ၁၀၀၀၀ ရှိကြောင်း၊ ဝန်သိုမြို့မှာ သစ်တပ်အခိုင်အခံ့နှင့် ဖြစ်သည့်ပြင် အမြောက်၊ စိန်ပြောင်းများ ရှိကြောင်း၊ ·စော်ဘွားသည် နောက်ထပ်လူအင်အားစု၍ အမြောက်၊ စိန်ပြောင်းများ သွန်းလုပ်နေကြောင်း သတင်းရသည်။[၁]

ဟူ၍ ဖြစ်ပါသည်။

ထို့ပြင် ၁၈၈၆ ခု အောက်တိုဘာလအတွင်း မင်းလှကို ရန်သူများက မီးရှို့ခဲ့ကြသည်။ နှင်းကျန်းနယ်ဘဝိုက်တွင် ဓားပြများ သောင်းကျန်းနေ၍ နှိမ်နင်းရန် စစ်တပ်များ ချီတက်ခဲ့ရသည်။ သို့သော် မိုးများနေသေး၍ စစ်တပ်များမှာ ထိရောက်စွာ လှုပ်ရှားနိုင်ခြင်းမရှိရကား ဓားပြများမှာ လွန်စွာအခွင့်အလမ်းသာလျက်ရှိကြသည်။ ကြေးနန်းကြိုးများကို လိုက်လံဖြတ်တောက်နေသည့် ဓားပြအဖွဲ့မှာ လွန်စွာအင်အားကောင်းသဖြင့် မည်သည့်ကြေးနန်းကြိုးမှ ၂၄ နာရီပြည့်အောင် အသုံးမပြုရပဲ ရှိခဲ့လေသည်။[၂]

မြန်မာပြည် အခြေအနေ တစိတ်တဒေသကို ဖော်ညွှန်းသည့် နိုဝင်ဘာလသတင်း[၃] အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဗန်းမော် စစ်ကတုတ်ကို နိုဝင်ဘာလ ၁၄ ရက်နေ့တွင် တရုတ်ဓားပြ တစုက ဝင်ရောက်တိုက်ခိုက်ရာ ဥရောပသားနှစ်ယောက် သေဆုံးသည်။ ဓားပြများသည် စစ်တန်းလျားများကို မီးတင်ရှို့ကြသည်။ စစ်တပ်က ပြန်လည်တိုက်ထုတ်သည်တွင် သုံးယောက်ကျဆုံးပြီး ထွက်ပြေးသွားကြသည်။

ကက်ပတိန်ဗောဂန်[၄] ခေါင်းဆောင်သည့် တပ်သည် ငနိုင် ခေါင်းဆောင်သော ဓားပြစုနှင့် ကျောက်မြောင်းအနီး တိုက်ပွဲဖြစ်ပွားရာ ဓားပြတို့ဖက်မှ ၂၀ သေ၍ အများအပြား ဒဏ်ရာရကြသည်။

လက်ဖတင်နင်ဘဲလ်ဖိုး[၅]သည် ရွှေဘိုနယ်၌ ဓားပြများကို တိုက်ခိုက်နှိမ်နင်းစဉ် ဓားပြတို့၏လက်ချက်ဖြင့် သေဆုံးသည်။ ဂျင်နရယ်စတီးဝပ်[၆]သည် ဘဲလ်ဖိုး ကျဆုံးရမှုကို လက်စားချေရန် ထပ်မံချီတက်သွားသည်။ ယင်းတိုက်ပွဲတွင် ရွှေဘိုရာဇဝတ်ဝန် မစ္စတာရေး[၇] ပြင်းထန်စွာဒဏ်ရာရကြောင်း သိရသည်။

၁။ *The Statesman*, 26 September 1886. နောက်ဆက်တွဲ ၂ ရှု

၂။ *The Statesman*, 31 October 1886.

၃။ *The Statesman*, 23 November 1886. p. 2, col. 7

၄။ Capt. Vaughan

၅။ Lieut. Balfour

၆။ General Stewart

၇။ Mr. Rey.

အမှတ် ၁၀ ဘင်္ဂလား ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့သည် ဓားပြ ၁၀၀၀ ခန့်၏ ဝိုင်းဝန်းထားခြင်းကို ခံနေရသည့် ဗြိတိသျှသစ္စာခံ မြို့ကြီးဝန်ကို ကူညီရန် ချီတက်သွားသည်။ ဓားပြတို့နှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားပြီးနောက် ဓားပြတို့၏ ခြေကုတ်စခန်းကို သိမ်းပိုက်နိုင်ခဲ့သည်။လက်ဖတင်နင် ဖရိုင်ယာ[၁] ဒဏ်ရာရ၍ စစ်ပါရီ သုံးယောက်သေသည်။ ဓားပြတို့၏ဖက်မှ ၆၀ ခန့် သေဆုံး ဒဏ်ရာရကြသည်။

အင်္ဂလိပ်ရှုမင်း သတင်းစာပါ ကြေးနန်းသတင်းအရသော် ရမည်းသင်းမှ နင်းကျန်းသို့ ချီတက်သည့် အမှတ် ၃ မဒရပ် ခြေလျင်တပ်ရင်းမှ တပ်စုယ်တခုကို ဓားပြများက ဝိုင်းဝန်းတိုက်ခိုက်သည်။ ကာနယ်အင်ဒါဆင် သေနတ်ထိမှန်၍ စစ်ပါရီလေးယောက် သေသည်။ ရှစ်ယောက် ဒဏ်ရာရသည်။ ဓားပြတို့ဖက်မှ အများအပြား ကျဆုံးသည်။[၂]

ဆော်မာဆက်ရှာယာ တပ်ရင်းမှ လက်ဖတင်နင် အိချ်အက်(ဖ)အက်ကာစလီ[၃]သည် ကြက်စာမြို့ရှိ ကြည့်မြင်တိုင်မင်းသား၏ ခြေကုတ်စခန်းကို ဝင်ရောက်တိုက်ခိုက်ရာ သေနတ်ထိမှန် သေဆုံးသည်။[၄]

မင်းဘူးမှတပ်များသည် ဓားပြများနှင့် နှစ်ကြိမ်တိုက်ပွဲဖြစ်ရာ ကက်ပတိန်ဂျူးနှင့် တယောက် ဒဏ်ရာပြင်းထန်စွာ ရလေသည်။[၅]

ယင်းကဲ့သို့ တိုက်ပွဲများ ပြင်းထန်၍ အထိအခိုက် အကျအနာ များလျက်ရှိသည်တွင် မြန်မာပြည်၌ စစ်ဥပဒေ(မာရှယ်လော) ထုတ်မည်ဟူသည့် သတင်းတရပ်လည်း ပေါ်ထွက်ခဲ့လေသည်။ယင်းကိစ္စနှင့်ပတ်သက်၍ **အမရစ်တာ** သတင်းစာက အောက်ပါအတိုင်း ခုနှဲထားကြောင်း တွေ့ရသည်။

> မြန်မာပြည်တွင် မာရှယ်လောထုတ်မည်ဟု ပြောဆိုနေကြသည်။ မြန်မာပြည်တွင် ယခုရှိနေသည့် ဥပဒေထက် ပြင်းထန်မည့် စစ်ဥပဒေမှာ မည်ကဲ့သို့သော ဥပဒေမျိုး ဖြစ်မည်ကို ကျွန်ုပ်တို့ နားမလည်ပေ။ မြန်မာပြည်သည် ဓားသွားနှင့်မီးပုံကြားတွင် ရှိနေပေသည်။ သူတပါးနိုင်ငံကို စစ်တပ်ကြီးများဖြင့် အဓမ္မဝင်ရောက် သိမ်းယူကာ တိုင်းသူပြည်သားများကို အစစ်အမေးမရှိ ဓားပြများဟု တွေ့ရာမဆိုင်း ပစ်သတ်နေခြင်းသည် စစ်ဥပဒေ မဟုတ်လေသလော။ သူတပါးတိုင်းပြည်နှင့် ပစ္စည်းများကို အဓမ္မသိမ်းပိုက်၍ သဘောကျ ချယ်လှယ်ကာ အပြစ်မဲ့သော တိုင်းသူပြည်သားများကို လက်နက်ဖြင့် ခြိမ်းခြောက်၍ ရပ်ရွာများမှ မောင်းထုတ်နေခြင်း၊ လူများကို ရာနှင့်ချီ၍ ကြိုးစင်တင်နေခြင်း၊ အိမ်များ ရွာများကို မီးတင်ရှို့နေခြင်းတို့သည် စစ်ဥပဒေမဟုတ်သေးလျှင် စစ်ဥပဒေဆိုသည်မှာ ကျွန်ုပ်တို့ တွေးထင်သိမြင်နေကျ ဥပဒေထက် ပျော့ညံ့သော ဥပဒေသာ ဖြစ်ရပေမည်။[၆]

၁။ Lieut. Fryer

၂။ *The Amrita Bazar Patrtka,* 25 November 1886

၃။ H. F. Eckerslay

၄။ ပျဉ်းမနား—တောင်ညိုကားလမ်းဘေးတွင်ရှိသည်

၅။ *The Statesman,* 24 November 1886

၆။ *The Amrita Bazar Patrika,* 25 November 1886, p. 6. col. 2

ထိုသို့ တိုက်ပွဲသတင်းများ၊ စစ်ဥပဒေ ထုတ်ပြန်မည်ဆိုသည့် သတင်းများနှင့်အတူ မြန်မာ့ထီးနန်းကို သီပေါမင်း သို့မဟုတ် အလောင်းဘုရားအနွယ်ဝင် မင်းသားတပါးသို့ ပြန်လည်အပ်နှင်းမည်ဟူသည့်သတင်း၊ ပြန်လည်အပ်နှင်းသင့်သည်ဟူသည့် ဝေဖန်ချက်များလည်း ၁၈၈၆ ခုနှစ် ဒုတိယပိုင်းတွင် များစွာပေါ်ထွက်ခဲ့လေသည်။ အထက်မြန်မာပြည်ကို သိမ်းပိုက်ကြောင်း ကြေညာစဉ် ၁၈၈၆ ခု ဇန်နဝါရီလကပင် **စတိတ်စမင်း** သတင်းစာက မနှစ်ခြိုက်ကြောင်း ဖော်ထုတ်လျက် ကန့်ကွက် ရေးသားခဲ့လေသည်။[၁] မြန်မာ့အုပ်ချုပ်ရေးကို အပြီးတိုင် ဖျက်သိမ်းလိုက်ရန် မသင့်ကြောင်း ဝေဖန်ခဲ့လေသည်။ **အမရစ်တာဘဇာပက်ထရစ်ကာ** သတင်းစာကလည်း အလားတူပင် မြန်မာဘုရင့် အုပ်ချုပ်ရေးကို ဆက်လက်ထားရှိရန် တိုက်တွန်းရေးသားခဲ့လေသည်။ မြန်မာပြည်တွင် ခုခံဆန့်ကျင်ရေး တိုက်ပွဲများ တလထက်တလ ပြင်းထန်လာခဲ့သည်တွင် ဗြိတိသျှတို့၏ တိုက်ရိုက်သိမ်းပိုက် အုပ်ချုပ်ရေးကို ပြစ်တင်ဝေဖန်ရေးသားမှုမှာ ပိုမိုဆူပွက်လာကာ မြန်မာမင်းဆက် ပြန်လည်နန်းတင်ရေးကို လေးလေးနက်နက် တိုက်တွန်းရေးသားကြကြောင်း တွေ့ရပါသည်။ ဗြိတိသျှ ပါလီမန်တွင်လည်း မြန်မာမင်းဆက်ကို အဘယ်ကြောင့် ထီးနန်းပြန်လည် မအပ်နှင်းသနည်းဟူသောအမေးများ ပေါ်ပေါက်ခဲ့သည်။ ယင်းအမေးကို အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ကြီးက "လောဒ်ဒပ်ဖရင်ကိုယ်တိုင် ထိုကိစ္စအတွက် မန္တလေးသို့ သွားရောက်ခဲ့ပါသည်။ မင်းညီမင်းသား ၈၀ ခန့် ရှိသည့်အနက်မှ သင့်တော်သည့် နန်းလျာ တဦးတယောက်မျှ မတွေ့ရသဖြင့် တိုက်ရိုက်အုပ်ချုပ်ရေးကို ပြဋ္ဌာန်းခဲ့ရပါသည်"ဟု ပြန်လည် ဖြေကြားခဲ့သည်။

ထိုပါလီမန်အမေးအဖြေကို ကြားသိရသော မြင်ကွန်းမင်းသားကြီးသည် များစွာမခံမရပ်နိုင်ဖြစ်လေသည်။ ထို့ကြောင့် ဆွေစဉ်မျိုးဆက် စာရင်းတခုနှင့်တကွ ကန့်ကွက်စာတစောင်ကို **အမရစ်တာဘဇာ** နှင့် **စတိတ်စမင်း** သတင်းစာတိုက်တို့သို့ ပေးပို့လိုက်ရာ ယင်းစာကို ၁၈၈၆ ခု အောက်တိုဘာလ ၂၈ ရက်နေ့ထုတ် သတင်းစာတွင် အယ်ဒီတာမှတ်ချက်နှင့်တကွ ထည့်သွင်းဖော်ပြလေသည်။ သို့သော် မြင်ကွန်းမင်းသားကြီး၏ ကန့်ကွက်ချက်မှာ မြန်မာမင်းဆက်ဖြုတ်၍ ဗြိတိသျှတို့ တိုက်ရိုက်အုပ်ချုပ်မှုကို မဟုတ်ပဲ၊ သူ့အား အခြားမင်းသား မင်းမြေးငယ်များနှင့် တတန်းတစားထဲထား၍ ပြောဆိုသည့်အချက်ကို ဖြစ်လေသည်။ မြင်ကွန်းမင်းသား၏စာတွင် ဗြိတိသျှအစိုးရသည် မြန်မာပြည်ကို သိမ်းယူပြီးဖြစ်၍ တိုက်ရိုက် အုပ်ချုပ်သည်ဖြစ်စေ၊ သဘောနှစ်ခြိုက်ရာ မည်သို့ပင် ပြုသည်ဖြစ်စေ သူ့အနေဖြင့် ပြောဆိုဖွယ် တစုံတရာမရှိကြောင်း၊ သို့သော် သူ့အား အခြားအရည်အချင်းမဲ့သူ၊ အဆင့်အတန်းနိမ့်သူ မင်းသားအငယ်အနှောင်းများနှင့် တပေါင်းတည်း ရောနှော ပြောဆိုခြင်းမှာ သူ၏ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို များစွာထိခိုက် နစ်နာကြောင်း၊ သူသည် နန်းလျာအစစ်အသက်အကြီးဆုံး မင်းသားတပါး ဖြစ်ကြောင်း၊ ဗြိတိသျှတို့ကို မိတ်ဆွေဟုပင် သဘောထားလျက်မည်သည့်အခါမျှ ထိခိုက်နစ်နာအောင် မပြုဘူးခဲ့ကြောင်း၊ ပြင်သစ်တို့ထံ ထွက်ပြေးခိုဝင်သည်မှာလည်း ကိုယ်ရေးကိုယ်တာ လွတ်လပ်မှုအတွက်သာလျှင် ဖြစ်ကြောင်း[၂] စသည်ဖြင့် ရေးသားထားလေသည်။

၁။ *The Statesman*, 2 January 1886, p. 2, col. 3

၂။ *The Amrita Bazar Patrika*, 28 October, 1886, p. 5, col. 2–3
and *The Statesman*, 27 October, 1886, p. 3, col. 1 နောက်ဆက်တွဲ ၃ ၌

Click Here To Continue Page